မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၄၈ ] ရန်ကုန်မြို့ { ၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်
( ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက် ) } သောကြာနေ့ [ အတွဲ ၆၉

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၇၇/၂၀၁၆**

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်

( ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက် )

**နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် နေပြည်တော်စည်ပင်သာယာရေးကော်မတီတွင် ဦးမင်းသိမ်း ကို ကော်မတီဝင်အဖြစ် ခန့်ထားလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၇၈/၂၀၁၆**

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်

( ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက် )

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း၊**

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့်**

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် ပညာရေးဝန်ကြီးဌာန၊ အဏုမြူစွမ်းအင်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခင်မောင်လတ် ကို စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန** |
|---|---|
| (က) ဒေါက်တာဒေါ်ကေသီလွင် | ပါမောက္ခချုပ်<br>နည်းပညာတက္ကသိုလ်(သန်လျင်)<br>ပညာရေးဝန်ကြီးဌာန |
| (ခ) ဒေါက်တာဒေါ်သီဂီ | ပါမောက္ခချုပ်<br>ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| (ဂ) ဒေါက်တာကြည်စိုး | ပါမောက္ခချုပ်<br>နည်းပညာတက္ကသိုလ်(မှော်ဘီ)<br>ပညာရေးဝန်ကြီးဌာန |
| (ဃ) ဒေါက်တာမောင်မောင်လတ် | ပါမောက္ခချုပ်<br>နည်းပညာတက္ကသိုလ်(တောင်ငူ)<br>ပညာရေးဝန်ကြီးဌာန |
| (င) ဒေါက်တာညွန့်စိုး | ပါမောက္ခချုပ်<br>ပြည်နည်းပညာတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| (စ) ဒေါက်တာကြည်သွင် | ပါမောက္ခချုပ်<br>မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာ<br>တက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| (ဆ) ဒေါက်တာဒေါ်စန်းစန်းရီ | ပါမောက္ခချုပ်<br>နည်းပညာတက္ကသိုလ်(တောင်ကြီး)<br>ပညာရေးဝန်ကြီးဌာန |
| (ဇ) ဒေါက်တာဆင့်စိုး | ပါမောက္ခချုပ်<br>နည်းပညာတက္ကသိုလ်(မန္တလေး)<br>ပညာရေးဝန်ကြီးဌာန |
| (ဈ) ဒေါက်တာမြင့်သိန်း | ပါမောက္ခချုပ်<br>မန္တလေးနည်းပညာတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| (ည) ဒေါက်တာဒေါ်ဝင်းအေး | ပါမောက္ခချုပ်<br>မြန်မာသတင်းအချက်အလက်နည်းပညာ<br>တက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |

| | **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန** |
|---|---|---|
| (၎) | ဒေါက်တာဒေါ်စောစန္ဒာအေး | ပါမောက္ခချုပ်<br>သတင်းအချက်အလက်နည်းပညာတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| (ဌ) | ဒေါက်တာဒေါ်မိုးပွင့် | ပါမောက္ခချုပ်<br>မန္တလေးကွန်ပျူတာတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည် -

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့်ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဦးဇော်အောင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန |
| (ခ) | ပါမောက္ခဒေါက်တာထင်ဇော်စိုး<br>ပါမောက္ခ/ဌာနမှူး<br>ကွင်းဆင်းဌာန<br>အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | ပါမောက္ခချုပ်<br>အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန |

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် ၇၉/၂၀၁၆

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်
( ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက် )

## ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဖွဲ့စည်းခြင်း

၁။ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးမူဘောင်ပါ အစီအစဉ်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရေးအတွက် **"ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဒုတိယသမ္မတ (၁) | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |

(ဂ) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဃ) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

(င) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

(စ) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

(ဆ) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
စက်မှုဝန်ကြီးဌာန

(ဇ) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန

(ဈ) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(ည) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဋ) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

(ဌ) ပြည်ထောင်စုရှေ့နေချုပ် — အဖွဲ့ဝင်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ဍ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ဎ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(ဏ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း

(တ) အမြဲတမ်းအတွင်းဝန် — အတွင်းရေးမှူး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ထ) ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး(၁)
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(ဒ) ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး(၂)
မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

၂။ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပုဂ္ဂလိကကဏ္ဍဆိုင်ရာဥပဒေနှင့်စည်းမျဉ်းများ အရည်အသွေးတိုးတက်ကောင်းမွန်လာစေရေးနှင့် အငြင်းပွားမှုဖြေရှင်းခြင်းတို့အတွက် ကောင်းမွန်သော အစီအမံများချမှတ်နိုင်ရန် မူဝါဒလမ်းညွှန်ချက်များ ချမှတ်ပေးခြင်း၊ ညှိနှိုင်းပေါင်းစပ်ဖြေရှင်းပေးခြင်း၊

(ခ) ငွေကြေးဆိုင်ရာကဏ္ဍနှင့်စပ်လျဉ်း၍ ပိုမိုပွင့်လင်းမြင်သာမှုရှိသည့် မူဝါဒများနှင့်စည်းမျဉ်းများ ရေးဆွဲနိုင်ရန် မူဝါဒလမ်းညွှန်ချက်များ ချမှတ်ပေးခြင်း၊ ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဂ) ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုပိုမိုတိုးတက်လာစေရန် မူဝါဒလမ်းညွှန်ချက်များ ချမှတ်ပေးခြင်း၊ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဃ) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ပြုပြင်ပြောင်းလဲရေး၊ ခိုင်မာသောအစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု (Private Public-Partnership) လုပ်ငန်းအစီအစဉ်တို့အတွက် မူဝါဒလမ်းညွှန်ချက်များ ချမှတ်ပေးခြင်း၊ ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(င) လူ့စွမ်းအားအရင်းအမြစ် ပိုမိုကောင်းမွန်လာရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ပညာရေးကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် မူဝါဒလမ်းညွှန်ချက်များ ချမှတ်ပေးခြင်း၊ ညှိနှိုင်းဆောင်ရွက်ပေးခြင်း။

၃။ ကော်မတီသည် လိုအပ်သည့်လုပ်ငန်းကော်မတီများကို ဖွဲ့စည်းဆောင်ရွက်သွားရန်ဖြစ်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၈၀/၂၀၁၆**

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်
( ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက် )

**ပြည်ပရောက် မြန်မာနိုင်ငံသားဟောင်းများကို မြန်မာနိုင်ငံသားအဖြစ် သတ်မှတ်နိုင်ရေးအတွက် စိစစ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ ပြည်ပနိုင်ငံအသီးသီးတွင် အကြောင်းအမျိုးမျိုးဖြင့်ရောက်ရှိနေပြီး အခြားနိုင်ငံသားအဖြစ် ခံယူထားသည့် မြန်မာနိုင်ငံသားဟောင်းများနှင့် အခြားနိုင်ငံသားအဖြစ် ခံယူထားခြင်းမရှိသော်လည်း အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံသားအဖြစ်မှ ဆုံးရှုံးသွားသည့် မြန်မာနိုင်ငံသားဟောင်းများက မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်ပြုပါရန် လျှောက်ထားမှုများအား မြန်မာနိုင်ငံသားဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ မြန်မာနိုင်ငံသားအဖြစ် သတ်မှတ်နိုင်ရေးအတွက် စိစစ်တင်ပြရန် **"ပြည်ပရောက် မြန်မာနိုင်ငံသားဟောင်းများကို မြန်မာနိုင်ငံသားအဖြစ် သတ်မှတ်နိုင်ရေးအတွက် စိစစ်ရေးအဖွဲ့"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

(က) ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌ
နိုင်ငံခြားရေးဝန်ကြီးဌာန

(ခ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(ဂ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

(ဃ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန

(င) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

(စ) ပြည်ထောင်စုရှေ့နေချုပ် အဖွဲ့ဝင်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ဆ) အမြဲတမ်းအတွင်းဝန် အတွင်းရေးမှူး
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

၂။ ပြည်ပရောက် မြန်မာနိုင်ငံသားဟောင်းများကို မြန်မာနိုင်ငံသားအဖြစ် သတ်မှတ်နိုင်ရေးအတွက် စိစစ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်ပရောက် မြန်မာနိုင်ငံသားဟောင်းများက မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်ပြုရန် လျှောက်ထားမှုများကို မြန်မာနိုင်ငံသားဥပဒေနှင့်အညီ စိစစ်ခြင်း၊

(ခ) ပြည်ပနိုင်ငံတွင် ဒုက္ခသည်အဖြစ် ခံယူနေထိုင်သော မြန်မာနိုင်ငံသားဟောင်းများနှင့် အမည်မည်းစာရင်းဝင် မြန်မာနိုင်ငံသားဟောင်းများ၏ မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်ပြုရန် လျှောက်ထားမှုများကို ကိစ္စတစ်ခုချင်းအလိုက် စိစစ်၍ ထောက်ခံတင်ပြရန် သင့် မသင့် ဆုံးဖြတ်ခြင်း၊

(ဂ) မြန်မာနိုင်ငံသားဖြစ်ကြောင်း အထောက်အထားမပြနိုင်သည့် မြန်မာနိုင်ငံသားဟောင်းများ၏ မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်ပြုရန် လျှောက်ထားမှုများနှင့်စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ နိုင်ငံသားစိစစ်အတည်ပြုချက်၊ ၎င်း၏ ပြည်ပတွင် နေထိုင်မှုအခြေအနေနှင့် ပြစ်မှုကင်းရှင်းသူ ဟုတ် မဟုတ် တို့ကို သက်ဆိုင်ရာနိုင်ငံရှိ မြန်မာသံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးတို့၏ သဘောထားမှတ်ချက်များရယူ၍ ကိစ္စတစ်ခုချင်းအလိုက် စိစစ်၍ ထောက်ခံတင်ပြရန် သင့် မသင့် ဆုံးဖြတ်ခြင်း၊

(ဃ) မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်ပြုသင့်ကြောင်း ထောက်ခံသင့်သည်ဟု ဆုံးဖြတ်ခြင်းခံရသည့် မြန်မာနိုင်ငံသားဟောင်းများနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(င) မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်ပြုသင့်ကြောင်း ထောက်ခံတင်ပြထားသူများကို ပြည်ထောင်စုအစိုးရအဖွဲ့က မြန်မာနိုင်ငံသားအဖြစ် သတ်မှတ်ပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအား ညွှန်ကြားခြင်း။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**ကြေညာချက်အမှတ် ၁/၂၀၁၆**

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်

( ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက် )

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့မှ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့တွင် မုံရွာမြို့သို့ ထွက်ခွာလာသည့် ချင်းတွင်းမြစ်တွင်းသွား အေးငြိမ်းချမ်းသာ အမြန်မော်တော်ရေယာဉ်လိုင်းမှ အောင်စိုးမိုးကျော် (၂) အမြန်ရေယာဉ်သည် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့၊ နံနက် ၅ နာရီ ၁၀ မိနစ်ခန့်က စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ကနီမြို့နယ်၊ ကင်းအုပ်စု၊ မိချောင်းတွင်းကျေးရွာအနီးတွင် နစ်မြုပ်ခဲ့ရာ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့အထိ ခရီးသည် (ကျား) ၁၃ ဦးနှင့် (မ) ၅၃ ဦး၊ စုစုပေါင်း ၆၆ ဦး၏ အလောင်းများကို ဆယ်ယူရရှိခဲ့ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က အနီးကပ်ကြီးကြပ်၍ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၁၆) တွင် ဆုံးဖြတ်ချက်အရ အဆိုပါဖြစ်စဉ်၌ သေဆုံးခဲ့သူများ၏ မိသားစုများနှင့်ထပ်တူဝမ်းနည်း ကြေကွဲပါကြောင်း၊ အသက်ဆုံးရှုံးခဲ့သည့်ခရီးသည်များအတွက် သက်ဆိုင်ရာဌာနများက လိုအပ်သည့်ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ယင်းဖြစ်စဉ်ဖြစ်ပွားမှုအပေါ် စနစ်တကျစစ်ဆေး၍ တာဝန်ရှိသူများကို ဖော်ထုတ်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြကြေညာအပ်ပါသည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**ကြေညာချက်အမှတ် (၄/၂၀၁၆)**

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်

( ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက် )

**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၇၉၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၁၃ နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ခ) တို့အရ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက် (၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်) ဗုဒ္ဓဟူးနေ့၊ (၁၃း၃၀) နာရီ အချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ) မန်းဝင်းခိုင်သန်း
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်သူ့လွှတ်တော်

## ကြေညာချက်အမှတ် (၃/၂၀၁၆)

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်

( ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက် )

### ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ကျင်းပရန် ခေါ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၂၆၊ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၃၅ နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ခ) တို့အရ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက် (၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်) ဗုဒ္ဓဟူးနေ့၊ နံနက်(၁၀း၀၀) နာရီ အချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ) ဝင်းမြင့်
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားလွှတ်တော်

## ကြေညာချက်အမှတ် (၃/၂၀၁၆)

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်

( ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက် )

### ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ကျင်းပရန် ခေါ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၅၅၊ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၃၅ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ခ) တို့အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်း အဝေးကို နေပြည်တော်၌ ၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက် (၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်) ဗုဒ္ဓဟူးနေ့၊ နံနက် (၁၀း၀၀) နာရီ အချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာလိုက်ပါသည်။

(ပုံ) မန်းဝင်းခိုင်သန်း
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်

( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက် )

အမှတ် ၆၁၆။ ။ ရှမ်းပြည်နယ်၊ သိန်းနီမြို့နယ်တရားရုံး၊ မြို့နယ်တရားသူကြီး ဒေါ်မွန်မွန်ရည်(ခ) ဒေါ်မွန်မွန်ရီ (တ/၂၇၃၈) အား ရှမ်းပြည်နယ်တရားလွှတ်တော်၊ ဦးစီးအရာရှိအဖြစ် ပြောင်းရွှေ့နေရာချထား ပြီး ယင်းရာထူးနေရာကိုပြ၍ ရှမ်းပြည်နယ်၊ လားရှိုးခရိုင်တရားရုံး၌ တွဲဖက်ထားလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**အမိန့်အမှတ် (၂၆/၂၀၁၆)**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်

( ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက် )

**ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ် (၁၇/၂၀၁၅) အား ရွေးကောက်ပွဲခုံအဖွဲ့ (၄) ဖြင့် ဆက်လက်ကြားနာစစ်ဆေးရန် တာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စုံညီခုံရုံးက ရွေးကောက်ပွဲကန့်ကွက်လွှာအယူခံမှုအမှတ် (၁၆/၂၀၁၆) အပေါ် ဆက်လက်စစ်ဆေးသွားရန် အမိန့်ချမှတ်ခဲ့ပြီးဖြစ်၍ မူလကန့်ကွက်လွှာအမှုအမှတ် (၁၇/၂၀၁၅) အား ရွေးကောက်ပွဲခုံအဖွဲ့ (၄) မှ ဆက်လက်ကြားနာစစ်ဆေးရန် တာဝန်ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်

**အမိန့်ကြော်ငြာစာအမှတ် ၄/၂၀၁၆**

၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်

( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက် )

**တန်ဖိုးတွက်ချက်သတ်မှတ်ရေးကော်မတီ ဖွဲ့စည်းခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင် အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၆) ပါ အပိုဒ်-၁ တွင်ပါရှိသော

(စ၂) ဦးညွန့်ကြားရေးမှူး အဖွဲ့ဝင်
အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း
စက်မှုဝန်ကြီးဌာန

ကို အောက်ပါအတိုင်း ပြင်ဆင်လိုက်သည် -

(စ၂) အထွေထွေမန်နေဂျာ အဖွဲ့ဝင်
အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း
စက်မှုဝန်ကြီးဌာန

အမိန့်အရ

ကျော်ဝင်း
အတွင်းရေးမှူး
ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နိုင်ငံခြားရေးဝန်ကြီးဌာန

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်

( ၂၀၁၆ ခုနှစ်၊ မတ်လ ၃၀ ရက် )

အမှတ် ၂၀၂/၂၀၁၆။ ။ နယူးယောက်မြို့၊ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးမှ မြန်မာအမြဲတမ်းကိုယ်စားလှယ်/သံအမတ်ကြီး ဦးကျော်တင် အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၁၅ ရက်

( ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၂ ရက် )

အမှတ် ၂၃၅/၂၀၁၆။ ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၄၅/၂၀၁၆ အရ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဟန်သိန်းကျော် အား နိုင်ငံတော်သမ္မတရုံးသို့ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ တွဲဖက်လိုက်သည်။

အမှတ်၂၃၆/၂၀၁၆။ ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၄၆/၂၀၁၆ အရ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်နိုင်ဝင်း အား သမ္မတရုံးဝန်ကြီးဌာနသို့ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့ နံနက်ပိုင်းမှစ၍ တွဲဖက်လိုက်သည်။

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်

( ၂၀၁၆ ခုနှစ်၊ မေလ ၁၉ ရက် )

အမှတ် ၂၉၈/၂၀၁၆။ ။ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သံအမတ်ကြီး ဦးဝင်းလှိုင် အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၂၉၉/၂၀၁၆။ ။ ကတ္တမန္ဒူမြို့၊ မြန်မာသံရုံးမှ ဒုတိယအတွင်းဝန် ဦးဌေးအောင် အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဌာနစုမှူး (၁) အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၃၀၀/၂၀၁၆။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာနမှ ဌာနစုမှူး (၁) ဦးရန်နိုင်ခန့် အား မြန်မာသံရုံး၊ ကတ္တမန္ဒူမြို့သို့ ဒုတိယအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်

( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၄ ရက် )

အမှတ် ၃၃၇/၂၀၁၆။ ။ ကနေဒါနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်း အား နယူးယောက်မြို့၊ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်သည်။

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်
( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၈ ရက် )

အမှတ်၃၃၈/၂၀၁၆။ ။ ဆားဘီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သံအမတ်ကြီး ဦးမျိုးအေးအား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် ဆလိုဗက်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်သည်။

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်
( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၃၀ ရက် )

အမှတ် ၃၄၃/၂၀၁၆။ ။ ဆားဘီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သံအမတ်ကြီး ဦးမျိုးအေး အား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် ဟန်ဂေရီနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်သည်။

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်
( ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၈ ရက် )

အမှတ် ၅၁၈/၂၀၁၆။ ။ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ပရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးတွင် တာဝန် ထမ်းဆောင်လျက်ရှိသော အောက်ဖော်ပြပါ လက်ထောက်ညွှန်ကြားရေးမှူး/ပထမအတွင်းဝန်များအား ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ ဒုတိယညွှန်ကြားရေးမှူး/သံမှူးများအဖြစ် ရာထူးတိုးမြှင့် ခန့်ထားလိုက်သည် -

| **စဉ်** | **အမည်** | **လက်ရှိတာဝန်ထမ်းဆောင်နေသည့်ဌာန** |
|---|---|---|
| ၁။ | ဒေါ်ချိုချိုသိန်း | မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ဟောင်ကောင်မြို့ |
| ၂။ | ဒေါ်သိန်းနု | ဝန်ကြီးရုံး |

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၁၅ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၈၇၂/၂၀၁၅) အား ရည်ညွှန်းလျက် နိုင်ငံခြားရေးဝန်ကြီးဌာနရှိ ဒုတိယညွှန်ကြားရေးမှူးအတွက် လစာနှုန်းထား (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) အဖြစ်လည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့စွဲပါ စာအမှတ်၊ ဘခ-၁/၂၉၅ (၅၀၄၄/၂၀၁၃) အား ရည်ညွှန်းလျက် ပြည်ပရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးတွင် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း သံမှူးအတွက် လစာနှုန်းထား အမေရိကန် ဒေါ်လာ (၅၀၀) ကိုလည်းကောင်း ခံစားခွင့်ပြုလိုက်သည်။

အမှတ် ၅၂၁/၂၀၁၆။ ။ ဖိလစ်ပိုင်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သံအမတ်ကြီး ဦးရဲမြင့်အောင် အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမိန့်အရ

ဒေါ်အောင်ဆန်းစုကြည်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
နိုင်ငံခြားရေးဝန်ကြီးဌာန။

**[ယခင်အပတ် ပြည်ထဲရေးဝန်ကြီးဌာန၊ အမိန့်ကြော်ငြာစာအမှတ် (၁၂၀၁/၂၀၁၅)၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေး နည်းဥပဒေများမှ အဆက် ]**

**ပုံစံ (၁)**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**

**ငွေကြေးခဝါချမှုနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးခွင့်၊ ဝင်ရောက်ကြည့်ရှု စစ်ဆေးခွင့်၊ ရှာဖွေခွင့်၊ ငွေရေးကြေးရေးဆိုင်ရာမှတ်တမ်းများကို စစ်ဆေးကြည့်ရှုခွင့်၊ မိတ္တူကူးယူခွင့်၊ ယာယီသိမ်းဆည်းခွင့်ပြုသည့်အမိန့်**

**နည်းဥပဒေ ၇ (က)**

ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် အောက်ပါပုဂ္ဂိုလ်က ငွေကြေးခဝါချမှု ကျူးလွန်ကြောင်း ယုံကြည်လောက်သော သတင်းအချက်အလက်များ ရရှိသဖြင့် စုံစမ်းစစ်ဆေးခြင်း၊ ဝင်ရောက် ကြည့်ရှုစစ်ဆေးခြင်း၊ ရှာဖွေခြင်း၊ ငွေရေးကြေးရေးဆိုင်ရာ မှတ်တမ်းများကို စစ်ဆေးကြည့်ရှုခြင်း၊ မိတ္တူကူးယူခြင်း၊ ယာယီသိမ်းဆည်းခြင်းပြုနိုင်ရေးအတွက် စိစစ်ရေးအဖွဲ့ခေါင်းဆောင် အမည်၊---------------၊ ရာထူး၊ ----------------------------၊ ဌာန --------------------- အား ဤအမိန့်ထုတ်ပေးလိုက်သည်။

၁။ စုံစမ်းစစ်ဆေးခြင်းခံရမည့်သူ-

(က) အမည် --------------------------------------------------------

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ အမျိုးသားမှတ်ပုံတင်အမှတ်၊ နိုင်ငံခြားသားမှတ်ပုံတင်အမှတ်၊ နိုင်ငံသား၊ နိုင်ငံကူးလက်မှတ်အမှတ်၊ ဗီဇာအမှတ် -------------------------------------

(ဂ) အဘအမည် ------------------------------------------------------------

(ဃ) နေရပ်လိပ်စာ ----------------------------------------------------------

၂။ ငွေကြေးခဝါချမှုကျူးလွန်သည့် ပြစ်မှုအကျဉ်းချုပ် ----------------------------------------
--------------------------------------------------------------------------------------------

၃။ ငွေကြေးခဝါချမှုနှင့် သက်ဆိုင်သည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်း များကို အသိသက်သေ ၂ ဦးရှေ့တွင် ငွေကြေးနှင့် ပစ္စည်းများယာယီသိမ်းဆည်းခြင်း ပုံစံ (၂) ဖြင့်သိမ်းဆည်း ရမည်။

၄။ ဤအမိန့်နှင့် အညီ အတည်ပြုဆောင်ရွက်နိုင်ခြင်းမရှိပါက မည်သည့်အတွက် အတည်ပြုဆောင်ရွက် နိုင်ခြင်း မရှိကြောင်း ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့သို့ တင်ပြအစီရင်ခံရမည်။

၅။ ဤအမိန့်နှင့်အညီ အတည်ပြုဆောင်ရွက်နိုင်ပါက စုံစမ်းစစ်ဆေးပြီးနောက် စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့သို့ ဆောလျင်စွာ တင်ပြရမည်။

ဥက္ကဋ္ဌ
ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့

ရက်စွဲ၊ -------------------

ပုံစံ (၂)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**

**ငွေကြေးနှင့် ပစ္စည်းများ ယာယီသိမ်းဆည်းခြင်းပုံစံ**

**ဥပဒေ ပုဒ်မ ၁၄ (ဂ)**

၁။ ငွေကြေးနှင့်ပစ္စည်းများသိမ်းဆည်းသည့်နေ့ရက်နှင့် အချိန် --------------------------------

၂။ ငွေကြေးနှင့်ပစ္စည်းများသိမ်းဆည်းသည့်နေရာ --------------------------------

၃။ စုံစမ်းစစ်ဆေးခြင်းခံရသူ -

(က) အမည် ----------------------------------------------------------------

(ခ) အဘအမည် ----------------------------------------------------------------

(ဂ) နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်/အမျိုးသားမှတ်ပုံတင်အမှတ်၊ နိုင်ငံခြားသားမှတ်ပုံတင်အမှတ်၊ နိုင်ငံသား၊ နိုင်ငံကူးလက်မှတ်အမှတ်၊ ဗီဇာအမှတ် ----------------------------------------
----------------------------------------------------------------

(ဃ) အလုပ်အကိုင် ----------------------------------------------------------------

(င) နေရပ်လိပ်စာ ----------------------------------------------------------------

၄။ ငွေကြေးနှင့်ပစ္စည်းများသိမ်းဆည်းခြင်းခံရသူ -

(က) အမည် ----------------------------------------------------------------

(ခ) အဘအမည် ----------------------------------------------------------------

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/အမျိုးသားမှတ်ပုံတင်အမှတ်၊ နိုင်ငံခြားသားမှတ်ပုံတင်အမှတ်၊ နိုင်ငံသား၊ နိုင်ငံကူးလက်မှတ်အမှတ်၊ ဗီဇာအမှတ် ----------------------------------------
----------------------------------------------------------------

(ဃ) အလုပ်အကိုင် ----------------------------------------------------------------

(င) နေရပ်လိပ်စာ ----------------------------------------------------------------

၅။ ယာယီသိမ်းဆည်းသည့်ငွေကြေးနှင့် ပစ္စည်းများ

| အမှတ်စဉ် | ငွေကြေး၊ ပစ္စည်း အမျိုးအမည် | တန်ဖိုး | တည်နေရာ | အသေးစိတ် အကြောင်းအရာ | မှတ်ချက် |
|---|---|---|---|---|---|
| | | | | | |

လက်မှတ်---------------------------　　　　လက်မှတ် -------------------

အမည် ----------------------------　　　　အမည် ---------------------

အပ်ပေးသူ　　　　သိမ်းဆည်းသူ

၆။ ဤငွေကြေးနှင့်ပစ္စည်းများ ယာယီသိမ်းဆည်းခြင်းပုံစံပါ ငွေကြေးနှင့်ပစ္စည်းများကို ကျွန်ုပ်တို့၏ ရှေ့မှောက်တွင် သိမ်းဆည်းခြင်း မှန်ကန်ကြောင်းအသိသက်သေအဖြစ် လက်မှတ်ရေးထိုးကြပါသည်။

**အသိသက်သေ (၁)**

လက်မှတ် --------------------------------

အမည် ----------------------------------

အဘအမည် -----------------------------

နိုင်ငံသားစိစစ်ရေးအမှတ်/

အမျိုးသားမှတ်ပုံတင်အမှတ်-----------------

----------------------------------------

အလုပ်အကိုင် ---------------------------

နေရပ်လိပ်စာ ---------------------------

----------------------------------------

----------------------------------------

**အသိသက်သေ (၂)**

လက်မှတ် ----------------------

အမည် ------------------------

အဘအမည် -------------------

နိုင်ငံသားစိစစ်ရေးအမှတ်/

အမျိုးသားမှတ်ပုံတင်အမှတ်--------

--------------------------------

အလုပ်အကိုင် ------------------

နေရပ်လိပ်စာ -------------------

--------------------------------

--------------------------------

**မှတ်ချက်**

(၁) ပစ္စည်းအရေအတွက်ကို ဖော်ပြရာတွင် ကိန်းဂဏန်းအပြင်စာဖြင့်ရေးသားဖော်ပြရမည်။

(၂) ပစ္စည်းအရေအတွက် ရေးသားဖော်ပြရာတွင် နေရာမလုံလောက်ပါက သီးခြားစာရွက်ဖြင့် ရေးသားဖော်ပြပြီး စာမျက်နှာတိုင်းတွင် စုံစမ်းစစ်ဆေးခြင်းခံရသူ၊ စိစစ်ရေးအဖွဲ့ခေါင်းဆောင်နှင့် အသိသက်သေတို့က လက်မှတ်ရေးထိုးရမည်။

(၃) စိစစ်ရေးအဖွဲ့ခေါင်းဆောင်သည် စုံစမ်းစစ်ဆေးခြင်းခံရသူအား ဤပုံစံ(၂)ပါအချက်အလက်များကို ဖတ်ကြားရှင်းလင်းပြရမည်။

**ပုံစံ (၃)**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**
**တားမြစ်မိန့်**
**နည်းဥပဒေ ၇ (ဃ)**

ငွေကြေးခဝါချမှုနှင့်စပ်လျဉ်း၍စုံစမ်းစစ်ဆေးနေသည့်ကာလအတွင်း ငွေကြေးနှင့်ပစ္စည်းများကို ပြောင်းလဲခြင်း၊ လွှဲပြောင်းခြင်း၊ ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း၊ အသွင်ပြောင်းလဲခြင်းမပြုရန်အောက်ဖော်ပြပါ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၊ ပုဂ္ဂိုလ်အား တားမြစ်မိန့် ထုတ်ဆင့်လိုက်သည် -

၁။ စုံစမ်းစစ်ဆေးခြင်းခံရသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းအမည်နှင့် လိပ်စာ ------------------------------
------------------------------------------------------------------------------------------

၂။ ငွေကြေးပစ္စည်းသိမ်းဆည်းခြင်းခံရသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းအမည်နှင့် လိပ်စာ --------------------
------------------------------------------------------------------------------------------

၃။ တားမြစ်မိန့်ထုတ်ဆင့်ခြင်းခံရသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းအမည်နှင့်လိပ်စာ ------------------------
------------------------------------------------------------------------------------------

၄။ တားမြစ်မိန့်ထုတ်ဆင့်ခြင်းခံရသည့် -

(က) ငွေကြေးပမာဏ ----------------------------------------------------------------

(ခ) ပစ္စည်းတန်ဖိုး ------------------------------------------------------------------

(ဂ) ပစ္စည်းအမျိုးအစားနှင့် တည်နေရာ ------------------------------------------------
------------------------------------------------------------------------------

၅။ စတင်တားမြစ်သည့် ရက်စွဲ ------------------------------------------------------------

ဥက္ကဋ္ဌ
ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့

ရက်စွဲ . . . . . . . . . . . . . . . . . . . . . . .၊

ပုံစံ (၄)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**
**ငွေကြေးနှင့်ပစ္စည်းများ ယာယီပြန်လည်အပ်နှံခြင်း ကတိခံဝန်ချုပ်**
**နည်းဥပဒေ ၇ (ဂ)**

၁။ --------------ခုနှစ်၊ ------------လ------------ရက်နေ့တွင် -----------------------မြို့နယ်၊ -------------------------ရပ်ကွက်/ကျေးရွာ၊ --------------------လမ်း၊ အမှတ် -------------------------နေ ကျွန်တော်/ကျွန်မ ဦး/ဒေါ် ------------- (ဘ) အမည် ----------အသက် --------- နှစ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် --------------------------- က ကတိခံဝန်ချုပ်ကို ဖောက်ဖျက် ပါက ဤကတိခံဝန်ချုပ်တွင် ဖော်ပြထားသည့်အတိုင်း ပေးလျော်ရန် သဘောတူကြောင်း ကတိခံဝန်ချုပ်ချုပ်ဆို၍ အောက်တွင် လက်မှတ်ရေးထိုးပါသည်။

၂။ ငွေကြေးခဝါချမှုနှင့် သက်ဆိုင်သည့် ကျွန်တော်/ကျွန်မ/ -------------------------- ပိုင် အောက်ပါ ပစ္စည်းများကို ----------------------------------မြို့နယ်၊ --------------------------------ရပ်ကွက်၊ ကျေးရွာ၊ ------------လမ်း၊ အမှတ် -----------------------------------တွင် စိစစ်ရေးအဖွဲ့က ယာယီသိမ်းဆည်းခဲ့ပါသည်-

| အမှတ်စဉ် | ပစ္စည်း အမျိုးအမည် | တန်ဖိုး | တည်နေရာ | အသေးစိတ် အကြောင်းအရာ | မှတ်ချက် |
|---|---|---|---|---|---|
| | | | | | |

၃။ အပိုဒ် ၂ ပါ ယာယီသိမ်းဆည်းထားသည့်ပစ္စည်းများကို ကျွန်တော်/ကျွန်မ ထံ ယာယီပြန်လည် အပ်နှံထားသည့် အချိန်အတွင်း ယင်းပစ္စည်းများ၏ မူလပုံသဏ္ဌာန်ကိုပြုပြင်ခြင်း၊ ပြောင်းလဲခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ မေတ္တာဖြင့်ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း၊ အသွင်ပြောင်းလဲခြင်းတစ်ရပ်ရပ်ကို မပြုလုပ်ပါဟု လည်းကောင်း၊ ဖျက်ဆီးခြင်း၊ ပျက်စီးစေရန် ရည်ရွယ်၍ မူလပုံသဏ္ဌာန်ကို ပြုပြင်ခြင်း၊ ပြောင်းလဲခြင်းကို မပြုလုပ်ပါဟုလည်းကောင်း ဝန်ခံကတိပြုပါသည်။

၄။ အပိုဒ် ၂ ပါ ယာယီသိမ်းဆည်းသည့် ပစ္စည်းများကို -------------------- မြို့နယ်၊ --------------ရပ်ကွက်၊ ကျေးရွာ -------------------- လမ်း၊ အမှတ် -------------------- တွင်သာထားရှိမည်ဖြစ်ပြီး ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ အခြားတစ်နေရာသို့ ရွှေ့ပြောင်းခြင်းမပြုပါဟု ဝန်ခံကတိပြုပါသည်။

၅။ အဆိုပါ ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမရှိစေရန် လိုအပ်သောထိန်းသိမ်းစောင့်ရှောက်မှုကို ပြုလုပ်မည် ဖြစ်ကြောင်း ထပ်လောင်း၍ ဝန်ခံကတိပြုပါသည်။

၆။ အထက်ပါဝန်ခံကတိပြုချက်တစ်ရပ်ရပ်ကို ကျွန်တော်/ကျွန်မက ဖောက်ဖျက်လျှင်ဖြစ်စေ၊ ကျွန်တော်/ ကျွန်မ၏ အားပေး ကူညီချက်အရ တစ်ဦးတစ်ယောက်က ဖောက်ဖျက်လျှင်ဖြစ်စေ နည်းဥပဒေ ၁၁ (ဂ) အရ

ကတိခံဝန်ချုပ်ဖြင့် ပစ္စည်းများပြန်လည် ပေးအပ်ထားခြင်းကို ရုပ်သိမ်းခြင်းခံရမည်ဖြစ်ကြောင်းနှင့် ပျက်စီးသော ပစ္စည်းအတွက် တန်ဖိုး၏ (၃) ဆကို ကိုယ်တိုင်ပေးလျော်ရမည်ဖြစ်ကြောင်းကိုလည်း သိရှိနားလည်ပါသည်။

လက်ခံရရှိသူ

လက်မှတ် ---------------------------------------
အမည် ---------------------------------------------
အဘအမည် ---------------------------------------
နိုင်ငံသားစိစစ်ရေးအမှတ်/
အမျိုးသားမှတ်ပုံတင်အမှတ် ---------------------------
အလုပ်အကိုင် ---------------------------------------
နေရပ်လိပ်စာ ---------------------------------------

ဤကတိခံဝန်ချုပ်ပါ ဝန်ခံကတိပြုချက်တစ်ရပ်ရပ်ကို လက်ခံရရှိသူက ဖောက်ဖျက်ပြီး သတ်မှတ်သည့် တန်ဖိုးကို ပေးလျော်ခြင်းမရှိလျှင် ကျွန်ုပ်တို့ အာမခံသူ ၂ ဦးက တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးပူးတွဲ၍ဖြစ်စေ ပေးလျော်ရမည့် တန်ဖိုးကို အပြည့်အဝ ပေးလျော်ပါမည်ဟု အာမခံပါသည်။

**အာမခံသူ (၁)**

လက်မှတ် -------------------------------
အမည် -------------------------------
အဘအမည် ----------------------------
နိုင်ငံသားစိစစ်ရေးအမှတ်/
အမျိုးသားမှတ်ပုံတင်အမှတ်-------------
-------------------------------------
အလုပ်အကိုင် -----------------------
နေရပ်လိပ်စာ -----------------------
-------------------------------------
-------------------------------------

**အာမခံသူ (၂)**

လက်မှတ်-------------------------------
အမည်---------------------------------
အဘအမည် ---------------------------
နိုင်ငံသားစိစစ်ရေးအမှတ်/
အမျိုးသားမှတ်ပုံတင်အမှတ် -------------
-------------------------------------
အလုပ်အကိုင် -------------------------
နေရပ်လိပ်စာ -------------------------
-------------------------------------
-------------------------------------

ဤကတိခံဝန်ချုပ်ကို ကျွန်ုပ်၏ရှေ့မှောက်တွင် ချုပ်ဆိုကြောင်း လက်မှတ်ရေးထိုးပါသည်။

လက်မှတ် ----------------------------
အမည် ---------------------------

စိစစ်ရေးအဖွဲ့ခေါင်းဆောင်

**မှတ်ချက်**

(၁) ယာယီသိမ်းဆည်းသည့် ပစ္စည်းများနှင့် စပ်လျဉ်း၍ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့က တားမြစ်မိန့်ပုံစံ (၃) ထုတ်ဆင့်ပြီးမှသာ ဤကတိခံဝန်ချုပ် ပုံစံ (၄) ကို ပြုလုပ်ရမည်။

(၂) ယာယီသိမ်းဆည်းသည့် ပစ္စည်းများအတွက် ရေးသားဖော်ပြရန် မလုံလောက်၍သီးခြားဖော်ပြရသော စာရွက်တိုင်းတွင် စုံစမ်းစစ်ဆေးခြင်းခံရသူ သို့မဟုတ် ပစ္စည်းသိမ်းဆည်းခြင်းခံရသူ၊ စိစစ်ရေးအဖွဲ့ ခေါင်းဆောင်နှင့် သက်သေများက လက်မှတ်ရေးထိုးရမည်။

(၃) စိစစ်ရေးအဖွဲ့ခေါင်းဆောင်သည်စုံစမ်းစစ်ဆေးခြင်းခံရသူ သို့မဟုတ် ပစ္စည်းသိမ်းဆည်းခြင်းခံရသူအား ငွေကြေးနှင့် ပစ္စည်းများယာယီပစ္စည်းသိမ်းဆည်းခြင်းပုံစံ (၂) ပါ အချက်အလက်များကို ဖတ်ကြားရှင်းလင်း ပြရမည်။

**ပုံစံ (၅)**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**
**ငွေကြေးနှင့်ပစ္စည်းများ ပြန်လည်ပေးအပ်ခြင်းပုံစံ**
**နည်းဥပဒေ**

၁။ အမှုအကျဉ်းချုပ်ဖော်ပြချက် ----------------------------------------------------------------
------------------------------------------------------------------------------------------------

၂။ ငွေကြေးနှင့်ပစ္စည်းများပြန်လည်ပေးအပ်သည့်နေ့ရက်နှင့် အချိန် ---------------------------------
------------------------------------------------------------------------------------------------

၃။ ငွေကြေးနှင့် ပစ္စည်းများပြန်လည်ပေးအပ်သည့် နေရာ ------------------------------------------

၄။ စုံစမ်းစစ်ဆေးခြင်းခံရသူ -

(က) အမည် ---------------------------------------------------------

(ခ) အဘအမည် ------------------------------------------------------

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/အမျိုးသားမှတ်ပုံတင်အမှတ်၊ နိုင်ငံခြားသားမှတ်ပုံတင်အမှတ်၊ နိုင်ငံသား၊ နိုင်ငံကူးလက်မှတ်အမှတ်၊ ဗီဇာအမှတ် ----------------------------------------
------------------------------------------------------------------------------------------

(ဃ) အလုပ်အကိုင် ------------------------------------------------------------------------

(င) နေရပ်လိပ်စာ ------------------------------------------------------------------------

၅။ ပစ္စည်းပြန်လည်ပေးအပ်ခြင်းခံရသူ -

(က) အမည် ------------------------------------------------------------------------------

(ခ) အဘအမည် --------------------------------------------------------------------------

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/အမျိုးသားမှတ်ပုံတင်အမှတ်၊ နိုင်ငံခြားသားမှတ်ပုံတင်အမှတ်၊ နိုင်ငံသားနိုင်ငံကူးလက်မှတ်အမှတ်၊ ဗီဇာအမှတ် ----------------------------------------
------------------------------------------------------------------------------------------

(ဃ) အလုပ်အကိုင် ------------------------------------------------------------------------
------------------------------------------------------------------------------------------

(င) နေရပ်လိပ်စာ ------------------------------------------------------------------------

၆။ ပြန်လည်ပေးအပ်သည့် ငွေကြေးနှင့်ပစ္စည်းများ -

| အမှတ်စဉ် | ငွေကြေးပစ္စည်း အမျိုးအမည် | တန်ဖိုး | တည်နေရာ | အသေးစိတ် အကြောင်းအရာ | မှတ်ချက် |
|---|---|---|---|---|---|
| | | | | | |

လက်မှတ် ------------------------------　　လက်မှတ်------------------------------
အမည်------------------------------　　အမည်-------------------------------
ပစ္စည်းပြန်လည်ပေးအပ်ခြင်းခံရသူ　　ငွေကြေးနှင့်ပစ္စည်းများပြန်လည်ပေးအပ်သူ

၇။ ဤငွေကြေးနှင့် ပစ္စည်းများပြန်လည်ပေးအပ်ခြင်းပုံစံပါ ငွေကြေးနှင့် ပစ္စည်းများကို ကျွန်ုပ်တို့၏ ရှေ့မှောက်တွင် ပြန်လည်ပေးအပ်ခြင်း မှန်ကန်ကြောင်း အသိသက်သေအဖြစ် လက်မှတ်ရေးထိုးကြပါသည်။

အသိသက်သေ (၁)
လက်မှတ် ------------------------------
အမည် ------------------------------
အဘအမည် ---------------------------
နိုင်ငံသားစိစစ်ရေးအမှတ်/
အမျိုးသားမှတ်ပုံတင်အမှတ်-------------
-------------------------------------
အလုပ်အကိုင် -----------------------
နေရပ်လိပ်စာ -----------------------
-------------------------------------
--------------------------------------

အသိသက်သေ (၂)
လက်မှတ်-------------------
အမည်---------------------
အဘအမည် ---------------
နိုင်ငံသားစိစစ်ရေးအမှတ်/
အမျိုးသားမှတ်ပုံတင်အမှတ် --
---------------------------
အလုပ်အကိုင် -------------
နေရပ်လိပ်စာ -------------
---------------------------
---------------------------

**မှတ်ချက်**

(၁) ပစ္စည်းအရေအတွက်ကို ဖော်ပြရာတွင် ကိန်းဂဏန်းအပြင်စာဖြင့်ရေးသားဖော်ပြရမည်။

(၂) ပစ္စည်းအရေအတွက်ရေးသားဖော်ပြရာတွင် နေရာမလုံလောက်ပါက သီးခြားစာရွက်ဖြင့် ရေးသားဖော်ပြပြီး စာမျက်နှာတိုင်းတွင် စုံစမ်းစစ်ဆေးခြင်းခံရသူ (သို့မဟုတ်) ပစ္စည်းပြန်လည် ပေးအပ်ခြင်းခံရသူ စိစစ်ရေးအဖွဲ့ခေါင်းဆောင်နှင့် အသိသက်သေတို့က လက်မှတ်ရေးထိုးရမည်။

(၃) စိစစ်ရေးအဖွဲ့ခေါင်းဆောင်သည် စုံစမ်းစစ်ဆေးခံရသူ သို့မဟုတ် ပစ္စည်းသိမ်းဆည်းခြင်းခံရသူအား ပစ္စည်းပြန်လည်ပေးအပ်ခြင်း ပုံစံ (၅) ပါ အချက်အလက်များကို ဖတ်ကြားရှင်းလင်းပြရမည်။

ပုံစံ (၆)

## သံသယဖြစ်ဖွယ်လွှဲပြောင်းမှုသတင်းပို့ချက် (ဘဏ်များအတွက်)
## (နည်းဥပဒေ ၅၀)

### အပိုင်း (၁) သတင်းပေးပို့ချက်အသေးစိတ်

၁။ သတင်းပို့သည့်ရက်စွဲ --------------------------------

၂။ သတင်းပို့အဖွဲ့အစည်းအမျိုးအစား

☐ ဘဏ်

☐ အာမခံလုပ်ငန်း

☐ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးလုပ်ငန်း

၃။ သတင်းပို့အဖွဲ့အစည်းအမည် --------------------------------------

၄။ သတင်းပို့အဖွဲ့အစည်းလိပ်စာ --------------------------------------

၅။ သတင်းပို့အဖွဲ့အစည်း၏ တယ်လီဖုန်းနံပါတ် --------------------------------------

၆။ သတင်းပို့အဖွဲ့အစည်း၏ ဖက်စ်ဖုန်းနံပါတ် --------------------------------------

၇။ သတင်းပို့သည့်အရာထမ်း၏အမည် --------------------------------------

၈။ သတင်းပို့သူ၏ ရာထူး --------------------------------------

၉။ သတင်းပို့သူ အရာထမ်း၏လက်မှတ် --------------------------------------

### အပိုင်း(၂) ဆောင်ရွက်ချက်အသေးစိတ်

၁၀။ ဆောင်ရွက်သည့်နေ့ ------------------

၁၁။ ဆောင်ရွက်သည့်အချိန် ------------------

၁၂။ ဆောင်ရွက်ချက်အမျိုးအစား

☐ ငွေသွင်းခြင်း

☐ ငွေထုတ်ခြင်း

☐ ဆွစ်/ကြေးနန်း/ဖက်(စ်)စသည့်အီလက်ထရောနစ် နည်းဖြင့် လွှဲပြောင်းခြင်း (အဝင်)

☐ ဆွစ်/ကြေးနန်း/ဖက်(စ်)စသည့်အီလက်ထရောနစ် နည်းဖြင့် လွှဲပြောင်းခြင်း (အထွက်)

☐ အခြား

☐ ငွေသွင်း(လွှဲ) ☐ ပြည်ပ

☐ ငွေထုတ်(လွှဲ) ☐ ပြည်ပ

☐ ပြည်တွင်း

☐ ပြည်တွင်း

၁၃။ ငွေပေးချေသည့်နည်းလမ်းများ

☐ ငွေသား

လွှဲပြောင်းနိုင်သည့်စာချုပ်စာတမ်းများ
(ချက်လက်မှတ်/ဘဏ်ငွေလွှဲလက်မှတ်/ငွေပေးအမိန့် စသည်များ)

☐ (ခရက်ဒစ်ကတ်/ဒက်ဘစ်ကတ် စသည်များ)

၁၄။ ငွေကြေးအမျိုးအစား ------------------------

၁၅။ ငွေပမာဏ ------------------------

၁၆။ ဆောင်ရွက်ရသည့်အကြောင်းအရင်း (Intention of Transaction)

--------------------------------------------------------------------------------------

--------------------------------------------------------------------------------------

၁၇။ ဆောင်ရွက်သူ၏အမည် (Name of person conduction) ------------------------------------

၁၈။ သက်သေခံလက်မှတ်အမျိုးအစား

☐ နိုင်ငံသားစိစစ်ရေးကတ်ပြား

☐ နိုင်ငံကူးလက်မှတ်

☐ ကုမ္ပဏီမှတ်ပုံတင်အမှတ်

☐ အခြား

၁၉။ သက်သေခံလက်မှတ်အမှတ်----------------------------------------

၂၀။ ဖောက်သည်အမျိုးအစား

☐ လူပုဂ္ဂိုလ် ☐ ကုမ္ပဏီ/အဖွဲ့အစည်း

၂၁။ ကျား/မ ☐ ကျား ☐ မ

၂၂။ မွေးသက္ကရာဇ်(လူပုဂ္ဂိုလ်) -------------------------------------

မှတ်ပုံတင်သည့်နေ့ (ကုမ္ပဏီ/အဖွဲ့အစည်း) -------------------------------------------

၂၃။ နိုင်ငံသား (Citizenship) အဖွဲ့အစည်းမှတ်ပုံတင်သည့်နိုင်ငံ (Country of Incorporation)

--------------------------------------------------------------------------------------

၂၄။ လိပ်စာ ------------------------------------------------------------------------------

--------------------------------------------------------------------------------------

၂၅။ တယ်လီဖုန်းအမှတ် ------------------------------------------------------------------

၂၆။ အလုပ်အကိုင် (လူပုဂ္ဂိုလ်) ☐ လုပ်ငန်းအမျိုးအစား (ကုမ္ပဏီ/အဖွဲ့အစည်း)

--------------------------------------------------------------------------------------

၂၇။ **လွှဲပြောင်း/လက်ခံခြင်းဆောင်ရွက်သူ**

အမည် ---------------------------

မှတ်ပုံတင်အမှတ် ---------------------

အလုပ်အကိုင် ------------------------

နေရပ်လိပ်စာ ------------------------

ဆက်သွယ်ရမည့်ဖုန်းနံပါတ် -------------

**အပိုင်း(၃) ဘဏ်ငွေစာရင်း အသေးစိတ်အချက်အလက်များ**

၂၈။ ငွေစာရင်းပိုင်ရှင်အမည် ------------------------------------
၂၉။ ငွေစာရင်းအမှတ် ------------------------------------
၃၀။ ငွေစာရင်းဖွင့်လှစ်သည့်နေ့ ------------------------------------
၃၁။ ငွေစာရင်းဖွင့်လှစ်ထားသည့် ဘဏ်နှင့်ဘဏ်ခွဲအမည် ------------------------------------
၃၂။ ငွေလွှဲပြောင်းမှုတွင် ပါဝင်ပတ်သက်မှုရှိသည့်အခြား ------------------------------------
ဘဏ်ခွဲအမည် ------------------------------------
၃၃။ အပိုဒ် ၃၁ ပါဘဏ်/ဘဏ်ခွဲတွင် ဖွင့်လှစ်ထားသည့် ------------------------------------
ငွေစာရင်းအမှတ် ------------------------------------

၃၄။ ငွေစာရင်းအမျိုးအစား

- ☐ ငွေစုစာရင်း
- ☐ စာရင်းရှင်စာရင်း
- ☐ အခြား

**အပိုင်း(၄) သံသယဖြစ်ရသည့် အသေးစိတ်အချက်အလက်များ**

၃၅။ သံသယဖြစ်မှုအမျိုးအစား

- ☐ ပြစ်မှုမှတ်တမ်းရှိသော ဖောက်သည်
- ☐ အလီလီခွဲ၍ငွေလွှဲပြောင်းပေးပို့ခြင်း
- ☐ နိုင်ငံသားစိစစ်ရေးလက်မှတ်၊ မှတ်ပုံတင်၊ နိုင်ငံကူးလက်မှတ်တို့အားလိမ်လည်တင်ပြခြင်း
- ☐ မူးယစ်ဆေး/ငွေကြေးခဝါချမှုတို့နှင့် ဆက်နွှယ်နေသောဖောက်သည်များ/ငွေကြေးလွှဲပြောင်းမှုများ
- ☐ ဖောက်သည်၏ သတင်းအချက်အလက်နှင့်မကိုက်ညီမှု
- ☐ လုပ်ငန်းနှင့်မဆီလျော်သည့်ရှုပ်ထွေးသည့်ဆောင်ရွက်ချက်များ
- ☐ အခြား (အမှတ်စဉ် ၃၅တွင် အသေးစိတ်ဖော်ပြပါ။)

၃၆။ အသေးစိတ်ဖော်ပြချက်များ

------------------------------------------------------------------------
------------------------------------------------------------------------
------------------------------------------------------------------------
------------------------------------------------------------------------
------------------------------------------------------------------------

၃၇။ အရေးယူဆောင်ရွက်ချက်

------------------------------------------------------------------------
------------------------------------------------------------------------
------------------------------------------------------------------------

**သံသယဖြစ်ဖွယ် လွှဲပြောင်းမှုသတင်းပေးပို့ချက်**

(Suspicious Transaction Report)

**မရွှေ့ပြောင်းနိုင်သော ပစ္စည်းများဆိုင်ရာ အသေးစိတ်အချက်အလက်များ**

**(မြေ/အဆောက်အဦ/တိုက်ခန်း)**

**(နည်းဥပဒေ ၅၀)**

**အပိုင်း(၁) သတင်းပေးပို့ချက်အသေးစိတ်**

၁။ ပစ္စည်းအမျိုးအစား ----------------------------------------------------------------------

၂။ သတင်းပို့ချက်အမှတ်စဉ်-------------------------------------------------------------------

၃။ သတင်းပို့သည့်နေ့စွဲ---------------------------------------------------------------------

၄။ သတင်းပို့မှုအခြေအနေ------------------------------------------------------------------

၅။ ပစ္စည်းလွှဲပြောင်းသူ

(က) အမည် ----------------------------------------------

(ခ) နိုင်ငံသား/အမျိုးသား/နိုင်ငံခြားသားမှတ်ပုံတင် ----------------------------------

အမှတ်/နိုင်ငံကူးလက်မှတ်အမှတ်/ဗီဇာအမှတ် ----------------------------------

(ဂ) နေရပ်လိပ်စာ ----------------------------------

(ဃ) အလုပ်အကိုင် ----------------------------------

(င) လူမျိုး/နိုင်ငံသား ----------------------------------

၆။ ကုမ္ပဏီ/အသင်းအဖွဲ့ဖြစ်လျှင်

(က) ကုမ္ပဏီ/အသင်းအဖွဲ့အမည် ----------------------------------

(ခ) ကုမ္ပဏီ/အသင်းအဖွဲ့မှတ်ပုံတင်အမှတ် ----------------------------------

(ဂ) ကုမ္ပဏီ/အသင်းအဖွဲ့မှတ်ပုံတင်မိတ္တူ ----------------------------------

(ဃ) ကုမ္ပဏီ/အသင်းအဖွဲ့၏ အစည်းအဝေးမှတ်တမ်း ----------------------------------

(င) တည်နေရာလိပ်စာ ----------------------------------

----------------------------------

----------------------------------

(စ) စီးပွားရေးလုပ်ငန်းအမျိုးအစား ----------------------------------

၇။ ပစ္စည်းလွှဲပြောင်းပေးခြင်းခံရသူ

(က) အမည် ----------------------------------

(ခ) နိုင်ငံသား/အမျိုးသား/ နိုင်ငံခြားသားမှတ်ပုံတင် ----------------------------------

အမှတ်/နိုင်ငံကူးလက်မှတ်အမှတ်/ဗီဇာအမှတ် ----------------------------------

(ဂ) နေရပ်လိပ်စာ ----------------------------------

(ဃ) အလုပ်အကိုင် ----------------------------------

(င) လူမျိုး/နိုင်ငံသား ----------------------------------

၈။ ကုမ္ပဏီ/အသင်းအဖွဲ့ဖြစ်လျှင်

(က) ကုမ္ပဏီ/အသင်းအဖွဲ့အမည် ------------------------------------

(ခ) ကုမ္ပဏီ/အသင်းအဖွဲ့မှတ်ပုံတင်အမှတ် ------------------------------------

(ဂ) ကုမ္ပဏီ/အသင်းအဖွဲ့မှတ်ပုံတင်မိတ္တူ ------------------------------------

(ဃ) ကုမ္ပဏီ/အသင်းအဖွဲ့၏ အစည်းအဝေးမှတ်တမ်း ------------------------------------

(င) တည်နေရာလိပ်စာ ------------------------------------

------------------------------------

(စ) မှတ်ပုံတင်ထားသည့်နိုင်ငံ ------------------------------------

(ဆ) စီးပွားရေးလုပ်ငန်းအမျိုးအစား ------------------------------------

**အပိုင်း(၂) ပစ္စည်းဆိုင်ရာဖော်ပြချက်**

၉။ မရွှေ့ပြောင်းနိုင်သောပစ္စည်း(မြေ၊ အဆောက်အဦ၊ တိုက်ခန်း)

(က) အမျိုးအစား/ပိုင်ဆိုင်မှု ------------------------------------
(ဂရန်/မြေပိုင်စသည်) ------------------------------------

(ခ) အကျယ်အဝန်း(ဧရိယာ၊ ဧက) ------------------------------------

(ဂ) တည်နေရာ(ရပ်ကွက်၊ မြေတိုင်းအကွက်အမှတ်၊ ------------------------------------
ဦးပိုင်မြေကွက်အမှတ် စသည်) ------------------------------------

**အပိုင်း (၃) ပစ္စည်းလွှဲပြောင်းခြင်းဆိုင်ရာဖော်ပြချက်များ**

၁၀။ စာချုပ်ပါပစ္စည်းလွှဲပြောင်းသည့်တန်ဖိုး ------------------------------------

၁၁။ လွှဲပြောင်းသည့် စာချုပ်အမျိုးအစား ------------------------------------

၁၂။ စာချုပ်လက်ခံသည့်ရက်စွဲ ------------------------------------

၁၃။ စာချုပ်မှတ်ပုံတင်အမှတ်နှင့် ရက်စွဲ ------------------------------------

၁၄။ စုံစမ်းစစ်ဆေးတွေ့ရှိချက်အရ ပစ္စည်းတန်ဖိုး ------------------------------------

[လွှဲပြောင်းသည့်ပုံစံ (ရောင်း/ပေးကမ်း/လျှဒါန်း/အထွေထွေ/အခြား]

**အပိုင်း (၄) သာမန်ထက်ပိုမိုထူးခြားခြင်း/သံသယဖြစ်ဖွယ်အမျိုးအစား**

၁၅။ **သံသယဖြစ်ရသည့်အကြောင်းအရင်း**

----------------------------------------------------------------------------------------

----------------------------------------------------------------------------------------

----------------------------------------------------------------------------------------

----------------------------------------------------------------------------------------

**၁၆။ အသေးစိတ်ရှင်းလင်းဖော်ပြချက်**

(သာမန်ထက်ပိုမိုထူးခြားခြင်း/ သံသယဖြစ်ဖွယ်အမျိုးအစားမှ အခြားအကြောင်းအရာကို ရှင်းလင်းဖော်ပြပေးရန်)

------------------------------------------------------------------------------------------------

------------------------------------------------------------------------------------------------

------------------------------------------------------------------------------------------------

------------------------------------------------------------------------------------------------

------------------------------------------------------------------------------------------------

------------------------------------------------------------------------------------------------

**၁၇။ အရေးယူဆောင်ရွက်ချက်**

------------------------------------------------------------------------------------------------

------------------------------------------------------------------------------------------------

------------------------------------------------------------------------------------------------

------------------------------------------------------------------------------------------------

------------------------------------------------------------------------------------------------

------------------------------------------------------------------------------------------------

------------------------------------------------------------------------------------------------

**၁၈။ ထပ်မံရရှိသည့် စာတမ်းအမှတ်အသား**

(အရေးယူဆောင်ရွက်ချက်အရ လိုအပ်သည့်အထောက်အထားများ ထပ်မံတောင်းခံထားမှုအပေါ် အခြေအနေကို အသေးစိတ်ဖော်ပြရန်)

------------------------------------------------------------------------------------------------

------------------------------------------------------------------------------------------------

------------------------------------------------------------------------------------------------

သတင်းပို့အဖွဲ့အစည်းအမည်/ဌာန　---------------------------------------

သတင်းပို့အရာရှိအမည်　---------------------------------------

သတင်းပို့အရာရှိရာထူး　---------------------------------------

သတင်းပို့အရာရှိလက်မှတ်　---------------------------------------

# သံသယဖြစ်ဖွယ် လွှဲပြောင်းမှုသတင်းပေးပို့ချက်
# (Suspicious Transaction Report)
## ရွှေ့ပြောင်းနိုင်သော ပစ္စည်းများဆိုင်ရာ အသေးစိတ်အချက်အလက်များ
## (အဖိုးတန်ကျောက်မျက်/သတ္တု)
## (နည်းဥပဒေ ၅၀)

**အပိုင်း (၁)** **သတင်းပေးပို့ချက်အသေးစိတ်**

၁။ ပစ္စည်းအမျိုးအစား ----------------------------------------
၂။ သတင်းပို့ချက်အမှတ်စဉ် ----------------------------------------
၃။ သတင်းပို့သည့်နေ့စွဲ ----------------------------------------
၄။ သတင်းပို့မှုအခြေအနေ ----------------------------------------
၅။ ပစ္စည်းလွှဲပြောင်းသူ
(က) အမည် ----------------------------------------
(ခ) နိုင်ငံသား/အမျိုးသား/နိုင်ငံခြားသားမှတ်ပုံတင် ----------------------------------------
အမှတ်/နိုင်ငံကူးလက်မှတ်အမှတ်/ဗီစာအမှတ် ----------------------------------------
(ဂ) နေရပ်လိပ်စာ ----------------------------------------
(ဃ) အလုပ်အကိုင် ----------------------------------------
(င) လူမျိုး/နိုင်ငံသား ----------------------------------------
၆။ ကုမ္ပဏီ/အသင်းအဖွဲ့ဖြစ်လျှင်
(က) ကုမ္ပဏီ/အသင်းအဖွဲ့အမည် ----------------------------------------
(ခ) ကုမ္ပဏီ/အသင်းအဖွဲ့မှတ်ပုံတင်အမှတ် ----------------------------------------
(ဂ) ကုမ္ပဏီ/အသင်းအဖွဲ့မှတ်ပုံတင်မိတ္တူ ----------------------------------------
(ဃ) ကုမ္ပဏီ/အသင်းအဖွဲ့၏အစည်းအဝေးမှတ်တမ်း ----------------------------------------
(င) တည်နေရာလိပ်စာ ----------------------------------------
----------------------------------------
(စ) စီးပွားရေးလုပ်ငန်းအမျိုးအစား ----------------------------------------
၇။ ပစ္စည်းလွှဲပြောင်းပေးခြင်းခံရသူ
(က) အမည် ----------------------------------------
(ခ) နိုင်ငံသား/အမျိုးသား/နိုင်ငံခြားသားမှတ်ပုံတင် ----------------------------------------
အမှတ်/နိုင်ငံကူးလက်မှတ်အမှတ်/ဗီဇာအမှတ် ----------------------------------------
(ဂ) နေရပ်လိပ်စာ ----------------------------------------
(ဃ) အလုပ်အကိုင် ----------------------------------------
(င) လူမျိုး/နိုင်ငံသား ----------------------------------------
၈။ ကုမ္ပဏီ/အသင်းအဖွဲ့ဖြစ်လျှင်
(က) ကုမ္ပဏီ/အသင်းအဖွဲ့အမည် ----------------------------------------
(ခ) ကုမ္ပဏီ/အသင်းအဖွဲ့မှတ်ပုံတင်အမှတ် ----------------------------------------
(ဂ) ကုမ္ပဏီ/အသင်းအဖွဲ့မှတ်ပုံတင်မိတ္တူ ----------------------------------------
(ဃ) ကုမ္ပဏီ/အသင်းအဖွဲ့၏အစည်းအဝေးမှတ်တမ်း ----------------------------------------
(င) တည်နေရာလိပ်စာ ----------------------------------------
----------------------------------------
(စ) မှတ်ပုံတင်ထားသည့်နိုင်ငံ ----------------------------------------
(ဆ) စီးပွားရေးလုပ်ငန်းအမျိုးအစား ----------------------------------------

**အပိုင်း(၂) ပစ္စည်းဆိုင်ရာဖော်ပြချက်**

၉။ သတ္တု/ကျောက်မျက်ရတနာပစ္စည်း

(က) အတွဲအမှတ် ------------------------------------

(ခ) အမျိုးအစား/အရည်အသွေး ------------------------------------

(ဂ) အရေအတွက်/အလေးချိန် ------------------------------------

(အဖိုးတန်သတ္တုရောင်းဝယ်ရာတွင် အလေးချိန်ကို တန်ဖြင့်လည်းကောင်း၊ ကျောက်စိမ်းအတွက် ကီလိုဖြင့်လည်းကောင်းအဖိုးတန်ကျောက်မျက်အတွက် ကရက်ဖြင့်လည်းကောင်း၊ ပုလဲအတွက် မိုမီဖြင့် လည်းကောင်း အသီးသီးဖော်ပြရန်)

(ဃ) ရောင်းချသည့်စနစ် ------------------------------------

(င) ဈေးကွက်တည်နေရာ၊ လိပ်စာ ------------------------------------

------------------------------------

**အပိုင်း(၃) ပစ္စည်းလွှဲပြောင်းခြင်းဆိုင်ရာ ဖော်ပြချက်များ**

၁၀။ စာချုပ်ပါပစ္စည်းလွှဲပြောင်းသည့်တန်ဖိုး ------------------------------------

၁၁။ လွှဲပြောင်းသည့် စာချုပ်အမျိုးအစား ------------------------------------

၁၂။ စာချုပ်လက်ခံသည့်ရက်စွဲ ------------------------------------

၁၃။ စာချုပ်မှတ်ပုံတင်အမှတ်နှင့် ရက်စွဲ ------------------------------------

၁၄။ စုံစမ်းစစ်ဆေးတွေ့ရှိချက်အရ ပစ္စည်းတန်ဖိုး ------------------------------------

[လွှဲပြောင်းသည့်ပုံစံ (ရောင်း/ပေးကမ်း/လှူဒါန်း/အထွေထွေ/အခြား)]

**အပိုင်း(၄) သာမန်ထက်ပိုမိုထူးခြားခြင်း/သံသယဖြစ်ဖွယ်အမျိုးအစား**

၁၅။ **သံသယဖြစ်ရသည့်အကြောင်းအရင်း**

--------------------------------------------------------------------------------

--------------------------------------------------------------------------------

--------------------------------------------------------------------------------

၁၆။ **အသေးစိတ်ရှင်းလင်းဖော်ပြချက်**

(သာမန်ထက် ပိုမိုထူးခြားခြင်း/သံသယဖြစ်ဖွယ်အမျိုးအစားမှ အခြားအကြောင်းအရာကို ရှင်းလင်းဖော်ပြ ပေးရန်)

--------------------------------------------------------------------------------

--------------------------------------------------------------------------------

--------------------------------------------------------------------------------

--------------------------------------------------------------------------------

၁၇။ **အရေးယူဆောင်ရွက်ချက်**

--------------------------------------------------------------------------------

--------------------------------------------------------------------------------

--------------------------------------------------------------------------------

၁၈။ **ထပ်မံရရှိသည့် စာတမ်းအမှတ်အသား**

(အရေးယူဆောင်ရွက်ချက်အရ လိုအပ်သည့်အထောက်အထားများ ထပ်မံတောင်းခံထားမှုအပေါ် အခြေအနေကို အသေးစိတ်ဖော်ပြရန်)

--------------------------------------------------------------------------------

--------------------------------------------------------------------------------

သတင်းပို့အဖွဲ့အစည်းအမည်/ဌာန ------------------------------------------

သတင်းပို့အရာရှိအမည် ------------------------------------------

သတင်းပို့အရာရှိရာထူး ------------------------------------------

သတင်းပို့အရာရှိလက်မှတ် ------------------------------------------

## သံသယဖြစ်ဖွယ် လွှဲပြောင်းမှုသတင်းပေးပို့ချက်

(Suspicious Transaction Report)

## ရွှေ့ပြောင်းနိုင်သော ပစ္စည်းများဆိုင်ရာ အသေးစိတ်အချက်အလက်များ

## (မော်တော်ယာဉ်)

## (နည်းဥပဒေ ၅၀)

**အပိုင်း(၁) သတင်းပေးပို့ချက်အသေးစိတ်**

၁။ ပစ္စည်းအမျိုးအစား ------------------------------------

၂။ သတင်းပို့ချက်အမှတ်စဉ် ------------------------------------

၃။ သတင်းပို့သည့်နေ့စွဲ ------------------------------------

၄။ သတင်းပို့မှုအခြေအနေ ------------------------------------

၅။ ပစ္စည်းလွှဲပြောင်းသူ

(က) အမည် ------------------------------------

(ခ) နိုင်ငံသား/အမျိုးသား/နိုင်ငံခြားသားမှတ်ပုံတင် ------------------------------------
အမှတ်/နိုင်ငံကူးလက်မှတ်အမှတ်/ဗီဇာအမှတ် ------------------------------------

(ဂ) နေရပ်လိပ်စာ ------------------------------------

(ဃ) အလုပ်အကိုင် ------------------------------------

(င) လူမျိုး/နိုင်ငံသား ------------------------------------

၆။ ကုမ္ပဏီ/အသင်းအဖွဲ့ဖြစ်လျှင်

(က) ကုမ္ပဏီ/အသင်းအဖွဲ့အမည် ------------------------------------

(ခ) ကုမ္ပဏီ/အသင်းအဖွဲ့မှတ်ပုံတင်အမှတ် ------------------------------------

(ဂ) ကုမ္ပဏီ/အသင်းအဖွဲ့မှတ်ပုံတင်မိတ္တူ ------------------------------------

(ဃ) ကုမ္ပဏီ/အသင်းအဖွဲ့၏ အစည်းအဝေးမှတ်တမ်း ------------------------------------

(င) တည်နေရာလိပ်စာ ------------------------------------
------------------------------------
------------------------------------

(စ) စီးပွားရေးလုပ်ငန်းအမျိုးအစား ------------------------------------

၇။ ပစ္စည်းလွှဲပြောင်းပေးခြင်းခံရသူ

(က) အမည် ------------------------------------

(ခ) နိုင်ငံသား/အမျိုးသား/ နိုင်ငံခြားသားမှတ်ပုံတင် ------------------------------------
အမှတ်/နိုင်ငံကူးလက်မှတ်အမှတ်/ဗီဇာအမှတ် ------------------------------------

(ဂ) နေရပ်လိပ်စာ ------------------------------------

(ဃ) အလုပ်အကိုင် ------------------------------------

(င) လူမျိုး/နိုင်ငံသား ------------------------------------

၈။ ကုမ္ပဏီ/အသင်းအဖွဲ့ဖြစ်လျှင်

(က) ကုမ္ပဏီ/အသင်းအဖွဲ့အမည် ------------------------------------

(ခ) ကုမ္ပဏီ/အသင်းအဖွဲ့မှတ်ပုံတင်အမှတ် ------------------------------------

(ဂ) ကုမ္ပဏီ/အသင်းအဖွဲ့မှတ်ပုံတင်မိတ္တူ ------------------------------------

(ဃ) ကုမ္ပဏီ/အသင်းအဖွဲ့၏ အစည်းအဝေးမှတ်တမ်း ------------------------------------

(င) တည်နေရာလိပ်စာ ------------------------------------

------------------------------------

(စ) မှတ်ပုံတင်ထားသည့်နိုင်ငံ ------------------------------------

(ဆ) စီးပွားရေးလုပ်ငန်းအမျိုးအစား ------------------------------------

**အပိုင်း(၂) ပစ္စည်းဆိုင်ရာဖော်ပြချက်**

၉။ မော်တော်ယာဉ်

(က) ယာဉ်အမှတ် ------------------------------------

(ခ) အမျိုးအစား/အရောင် ------------------------------------

(ဂ) ထုတ်လုပ်သည့်ခုနှစ်၊ နိုင်ငံ ------------------------------------

(ဃ) အင်ဂျင်အမှတ် ------------------------------------

(င) ကိုယ်ထည်အမှတ် ------------------------------------

(စ) လိုင်စင်အမှတ်နှင့်နေ့စွဲ ------------------------------------

(ဆ) ရောင်းချသည့်စနစ် ------------------------------------

(ဇ) ဈေးကွက်တည်နေရာ၊ လိပ်စာ ------------------------------------

**အပိုင်း(၃) ပစ္စည်းလွှဲပြောင်းခြင်းဆိုင်ရာဖော်ပြချက်များ**

၁၀။ စာချုပ်ပါပစ္စည်းလွှဲပြောင်းသည့်မော်တော်ယာဉ်တန်ဖိုး ------------------------------------

၁၁။ လွှဲပြောင်းသည့် စာချုပ်အမျိုးအစား ------------------------------------

၁၂။ စာချုပ်လက်ခံသည့်ရက်စွဲ ------------------------------------

၁၃။ စာချုပ်မှတ်ပုံတင်အမှတ်နှင့် ရက်စွဲ ------------------------------------

၁၄။ စုံစမ်းစစ်ဆေးတွေ့ရှိချက်အရ မော်တော်ယာဉ်တန်ဖိုး ------------------------------------

[လွှဲပြောင်းသည့်ပုံစံ (ရောင်း/ပေးကမ်း/လှူဒါန်း/အထွေထွေ/အခြား)]

**အပိုင်း(၄) သာမန်ထက်ပိုမိုထူးခြားခြင်း/သံသယဖြစ်ဖွယ်အမျိုးအစား**

၁၅။ **သံသယဖြစ်ရသည့်အကြောင်းအရင်း**

--------------------------------------------------------------------------------

--------------------------------------------------------------------------------

--------------------------------------------------------------------------------

--------------------------------------------------------------------------------

၁၆။ **အသေးစိတ်ရှင်းလင်းဖော်ပြချက်**

(သာမန်ထက် ပိုမိုထူးခြားခြင်း/သံသယဖြစ်ဖွယ်အမျိုးအစားမှ အခြားအကြောင်းအရာကို ရှင်းလင်း ဖော်ပြပေးရန်)

--------------------------------------------------------------------------------

--------------------------------------------------------------------------------

--------------------------------------------------------------------------------

--------------------------------------------------------------------------------

၁၇။ **အရေးယူဆောင်ရွက်ချက်**

------------------------------------------------------------------------------------------

------------------------------------------------------------------------------------------

------------------------------------------------------------------------------------------

------------------------------------------------------------------------------------------

၁၈။ **ထပ်မံရရှိသည့် စာတမ်းအမှတ်အသား**

(အရေးယူဆောင်ရွက်ချက်အရ လိုအပ်သည့်အထောက်အထားများ ထပ်မံတောင်းခံထားမှုအပေါ် အခြေအနေကို အသေးစိတ်ဖော်ပြရန်)

------------------------------------------------------------------------------------------

------------------------------------------------------------------------------------------

------------------------------------------------------------------------------------------

------------------------------------------------------------------------------------------

သတင်းပို့အဖွဲ့အစည်းအမည်/ဌာန ----------------------------------------

သတင်းပို့အရာရှိအမည် ----------------------------------------

သတင်းပို့အရာရှိရာထူး ----------------------------------------

သတင်းပို့အရာရှိလက်မှတ် ----------------------------------------

[ ဆက်လက်ဖော်ပြပါမည်]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ကာကွယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၆)**

၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်

( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက် )

ကာကွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး ဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ အရာထမ်း (၂) ဦးတို့အား ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့ နံနက်ပိုင်းမှစ၍ မိမိသဘောဆန္ဒအလျောက် အလုပ်မှ နုတ်ထွက်ခွင့်ပြုလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဒုတိယညွှန်ကြားရေးမှူး | ဦးမိုးကျော်ချို | စီမံကိန်းနှင့်စာရင်းအင်းဌာနခွဲ |
| (ခ) | ဦးစီးအရာရှိ | ဦးကျော်ထွန်းနိုင် | အုပ်ချုပ်ရေး/စီမံဌာနခွဲ |

ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ကာကွယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**နယ်စပ်ရေးရာဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်

( ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက် )

အမှတ်။　　ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၆ ရက် ရက်စွဲပါ စာအမှတ်၊ ၃၂/၄၃၀-ပြောင်းရွှေ့/အဖရ (၂၀၁၆) နှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၇ ရက် ရက်စွဲပါစာအမှတ်၊ တရသ/ဦးစီး/၂၀၁၆ (၂၆၆) တို့ဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) မှ ပါမောက္ခ/ဌာနမှူး ဦးဝင်းနိုင်အား အလုပ်တာဝန်ဝတ္တရားများ စွန့်လွှတ်သည့်နေ့မှစ၍ ဝန်ကြီးဌာနအင်အားလျော့ပြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနသို့ လွှဲပြောင်းတာဝန်ထမ်းဆောင်စေလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
နယ်စပ်ရေးရာဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် ၁၈/၂၀၁၆**

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်

( ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက် )

ပြင်ပပုဂ္ဂိုလ် ဦးသန်းရွှေအား ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့တွင်ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၁၆) ၏ အတည်ပြုချက်အရ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနတွင် လစ်လပ်လျက်ရှိသော လက်ထောက်ညွှန်ကြားရေးမှူးရာထူး (လစာနှုန်း ၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) နေရာတွင် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။

ကျော်တင့်ဆွေ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြန်ကြားရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်

( ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက် )

အမှတ် ၇၄။ ။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၆/၂၀၁၆) ၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ အောင်ဆန်းပုံနှိပ်စက်ရုံမှ စက်ရုံမှူး ဦးအောင်ဇော်ဦး (ကပ-၅၆၉၇) အား ကျန်းမာရေးအရဆေးကုသရန်နှင့် လူမှုရေးအခက်အခဲကြောင့် ၎င်း၏ ဆန္ဒပြုချက်အရ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ရာထူးမှနုတ်ထွက်ခွင့်ပြုလိုက်သည်။

အမှတ် ၇၅။ ။ ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၁၆ ခုနှစ်၊ မေလ ၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၂ ဖြင့် ဖွဲ့စည်းထားသည့် “ပြန်ကြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်နှင့်သတင်းထုတ်ပြန်ရေးအဖွဲ့” ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည် -

(က) ဦးမျိုးမြင့်မောင် — အဖွဲ့ခေါင်းဆောင်
ဒုတိယအမြဲတမ်းအတွင်းဝန်
ပြန်ကြားရေးဝန်ကြီးဌာန
(ဖုန်း-၀၆၇-၄၁၂၃၂၃)

(ခ) ဦးရဲနိုင် — အဖွဲ့ဝင်
အထွေထွေမန်နေဂျာ
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
(ဖုန်း-၀၆၇-၄၁၂၁၁၉၊ ၀၁-၃၉၈၆၈၄)

(ဂ) ဦးကျော်ဇင်သန့် — အဖွဲ့ဝင်
လက်ထောက်အတွင်းဝန်
ပြန်ကြားရေးဝန်ကြီးဌာန
(ဖုန်း-၀၆၇-၄၁၂၃၂၁)

(ဃ) ဦးမြင့်ကျော် — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး(သုတေသန)
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
(ဖုန်း-၀၆၇-၄၁၂၀၀၂)

ဒေါက်တာဖေမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် ၂၁/၂၀၁၆

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက်
( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၉ ရက် )

**ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ စီမံခန့်ခွဲရေးအဖွဲ့**

၁။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၀ ရက်စွဲပါ စာအမှတ်၊ ၇ (၁)/၇/ သမ္မတရုံးအရ ဒေသဖွံ့ဖြိုးရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေးဥပဒေများကို လွှမ်းမိုးခြင်းမရှိဘဲ ဟန်ချက်ညီစွာ ညှိနှိုင်းဆောင်ရွက်နိုင်ရန်နှင့် ပုဂံဒေသအတွင်းရှိ ဌာနဆိုင်ရာအားလုံးကို ထိန်းချုပ်ကြီးကြပ်စီမံခန့်ခွဲပြီး ယဉ်ကျေးမှုအမွေအနှစ်များကို ထိခိုက်ပျက်စီးစေနိုင်မည့် အဖြစ်အပျက်များမှ ကာကွယ်နိုင်ရန်အတွက် **“ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေစီမံခန့်ခွဲရေးအဖွဲ့”** ကိုအောက်ပါပုဂ္ဂိုလ်များပါဝင်သော အဖွဲ့ဖြင့် ဖွဲ့စည်းလိုက်သည် -

(က) ဒေါက်တာဇော်မြင့်မောင် — ဥက္ကဋ္ဌ
ဝန်ကြီးချုပ်
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

(ခ) ဦးစိုင်းကျော်ဇော — ဒု-ဥက္ကဋ္ဌ
ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

(ဂ) ဦးသိန်းလွင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(ဃ) ဦးမင်းဆွေ — အဖွဲ့ဝင်
တိုင်းဒေသကြီးဥပဒေအရာရှိ
မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး

(င) ဦးမင်းအောင်မြင့်စိုး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့
မန္တလေးတိုင်းဒေသကြီးစည်ပင်ဝန်ကြီးဌာန

(စ) ရဲမှူးကြီးနေထွန်း — အဖွဲ့ဝင်
ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့မှူး
ပြည်ထဲရေးဝန်ကြီးဌာန

(ဆ) ဦးတိုးအောင်လင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (ပူးတွဲတာဝန်)
မန္တလေးတိုင်းဒေသကြီး၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ
ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

(ဇ) ဦးမင်းသိန်း — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
မန္တလေးတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဈ) ဦးနိုင်အောင်မိုး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
မန္တလေးတိုင်းဒေသကြီးသာသနာရေးမှူးရုံး
သာသနာရေးဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(ည) ဦးအောင်အောင်ကျော် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး(ပုဂံဌာနခွဲ)
ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(ဋ) ဦးခင်မောင်ရွှေ — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
မန္တလေးတိုင်းဒေသကြီး၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

(ဌ) ဦးဇော်မင်းအောင် အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
မန္တလေးတိုင်းဒေသကြီး၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဍ) ဦးဇော်တင်မိုး အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
မန္တလေးတိုင်းဒေသကြီး၊ တိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(ဎ) ဦးတင်ထူးမောင် တွဲဖက်အတွင်းရေးမှူး
ခရိုင်အုပ်ချုပ်ရေးမှူး
ညောင်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

၂။ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ပုဂံယဉ်ကျေးမှုနယ်မြေအတွင်း ဥပဒေနှင့်မညီညွတ်သည့် တည်ဆောက်မှုများ၊ ဆောင်ရွက်မှုများ၊ ယဉ်ကျေးမှုအမွေအနှစ် ထိခိုက်ပျက်စီးစေရန် ဆောင်ရွက်မှုများအား စောင့်ကြည့်ခြင်း၊ စစ်ဆေးခြင်းနှင့် တားမြစ်ခြင်းများ ဆောင်ရွက်ရန်၊

(ခ) ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသတ်မှတ်ဇုန် MZ AZ နှင့် PZ များသည် မြို့ပြလူနေမှုရပ်ကွက်၊ ကျေးရွာများနှင့်အချို့နေရာများတွင် တစ်ထပ်တည်းကျရောက်နေပြီး "ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ" ပြဋ္ဌာန်းခြင်းမပြုမီကပင် ဟိုတယ်၊ တည်းခိုခန်းများလည်း ရှိနေသဖြင့် ဥပဒေ၊ နည်းဥပဒေများကို ကျွမ်းကျင်ပညာရှင်များ၊ ဆက်စပ်ဌာနများနှင့် ဆွေးနွေးညှိနှိုင်း၍ ပြန်လည်သုံးသပ်ဖြည့်စွက် ပြင်ဆင်ခြင်းများ ဆောင်ရွက်ရန်၊

(ဂ) ပုဂံနှင့် ညောင်ဦးမြို့ပြဧရိယာများနှင့် ဆက်စပ်နေသောနေရာများအား ကျွမ်းကျင်ပညာရှင်များ၊ ဆက်စပ်ဝန်ကြီးဌာနများနှင့်ပေါင်းစပ်၍ ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေးနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး ဟန်ချက်ညီညီ ဆောင်ရွက်နိုင်ရန်နှင့် ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရန်အတွက်ပါရည်ရွယ်၍ ယဉ်ကျေးမှုဇုန်နယ်နိမိတ် ပြန်လည်ပြင်ဆင်သတ်မှတ် ဆောင်ရွက်ရန်၊

(ဃ) ပုဂံယဉ်ကျေးမှုနယ်မြေအတွင်း ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်ကာကွယ်ထိန်းသိမ်းနိုင်ရန်အတွက် ကျွမ်းကျင်ပညာရှင်များ၊ ဆက်စပ်ဝန်ကြီးဌာနများနှင့်ပေါင်းစပ်၍ နည်းလမ်းရှာဖွေဆောင်ရွက်ရန်၊

(င) ပုဂံယဉ်ကျေးမှုနယ်မြေအတွင်း လက်ရှိဖွင့်လှစ်လုပ်ကိုင်လျက်ရှိသည့် ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများကို တိုးချဲ့တည်ဆောက်ခွင့်၊ ဖွင့်လှစ်ခွင့်မပြုရန်နှင့် လက်ရှိအခြေအနေကို အသေးစိတ်စာရင်းကောက်ယူထားရန်၊ မွမ်းမံပြင်ဆင်ရန် လိုအပ်ပါက လက်ရှိအခြေအနေအတိုင်းသာ ဥပဒေနှင့်အညီ ဆောင်ရွက်စေရန်၊ လုပ်ငန်းရှင်များကို ဥပဒေ၊ နည်းဥပဒေ စည်းကမ်းများအား လိုက်နာစေရေး ကြပ်မတ်ဆောင်ရွက်ရန်၊

(စ) ပုဂံယဉ်ကျေးမှုအမွေအနှစ် နယ်မြေတွင် MZ၊ AZ နှင့် PZ တို့နှင့် လွတ်ကင်းသည့်နေရာများ၌ ဟိုတယ်ဇုန်နေရာများ ရွေးချယ်သတ်မှတ်ခြင်းကို သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်း၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ရန်၊

(ဆ) UNESCO နှင့်ပူးပေါင်းဆောင်ရွက်နေသည့် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးမူများ၊ အဆောက်အအုံတည်ဆောက်ခြင်း စည်းမျဉ်းစည်းကမ်းများကို ဌာနဆိုင်ရာများနှင့် ဒေသခံများ လိုက်နာဆောင်ရွက်စေရေး ပညာပေးရန်နှင့် ကြီးကြပ်ရန်၊

(ဇ) ပုဂံဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေးအတွက် ဒေသခံများပူးပေါင်းပါဝင်ရေး၊ လိုက်နာဆောင်ရွက်ရေး ပညာပေး၊ စည်းရုံးဆောင်ရွက်ရန်၊

(ဈ) ပုဂံယဉ်ကျေးမှုနယ်မြေအတွင်း လက်ရှိရှိနေသော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များအား မြို့ပြဒေသဖွံ့ဖြိုးရေးစီမံကိန်းနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ စီမံချက်များကြောင့် ယဉ်ကျေးမှု အမွေအနှစ်များကို ထိခိုက်ပျက်စီးမှု မဖြစ်စေရန်နှင့် မပျောက်ပျက်အောင် ပူးပေါင်း ညှိနှိုင်း ဆောင်ရွက်ရန်၊

(ည) ယဉ်ကျေးမှုအမွေအနှစ်များရှိရာနေရာ၊ ကြားခံနေရာများနှင့်ပတ်သက်၍ လိုက်နာရမည့်အချက် များကို ဒေသအုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံများလိုက်နာစေရန်အတွက် ကြီးကြပ်ဆောင်ရွက်ပေးရန်၊

(ဋ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း၌ဖြစ်စေ၊ ဒေသတစ်ဆက်တစ်စပ်တည်းမြင်းကွင်းတစ်ခုဖြစ်၍ အကာအကွယ်ပေးရန်လိုအပ်သော ဆက်စပ်နယ်မြေ၌ဖြစ်စေနေထိုင်ရန် လူနေအိမ်ခြေ တိုက်တာ အဆောက်အအုံများ၊ လူသွားလမ်း၊ ယာဉ်သွားလမ်းများ၊ အသက်မွေးမှုအတွက် လယ်ယာများ၊ အခြားစီးပွားရေးလုပ်ငန်းများအစရှိသည်တို့အတွက် ဆောင်ရွက်ခွင့်နှင့် မြေအသုံးချခွင့်ကို ထိန်းသိမ်းကန့်သတ်ပေးရန်၊

(ဌ) ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်စောင့်ရှောက်ရန် အတွက် လိုအပ်သည့် လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်၊ စည်းကမ်းချက်များရေးဆွဲခြင်း၊ ထုတ်ပြန်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်းပြုနိုင်ရေးအတွက် လိုအပ်သည်များကို တင်ပြဆောင်ရွက်ရန်၊

(ဍ) ပုဂံယဉ်ကျေးမှုနယ်မြေရှိ မြို့ပြလူနေရပ်ကွက်နှင့် တစ်ထပ်တည်းကျရောက်နေသည့် MZ နှင့် AZ များအတွင်း ဥပဒေ၊ စည်းကမ်းချက်များနှင့် ညီညွတ်မှုမရှိဘဲ ဆောက်လုပ်ထားသည့် အဆောက်အအုံများနှင့်ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန် -

   (၁) သတ်မှတ်ချက်များနှင့်ငြိစွန်းသည့် အဆောက်အအုံများကို သတ်မှတ်ချက်များနှင့်လွတ်ကင်း သည်အထိ ဥပဒေ၊ နည်းဥပဒေများအရ ကြပ်မတ် ဆောင်ရွက်သွားရန်၊

   (၂) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် "၁၉၉၈ ခုနှစ်၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ" ပုဒ်မ ၁၇၊ ပုဒ်မခွဲ (က) (ခ) (ဂ) (ဃ) (င) (စ) တို့နှင့်အညီ ယဉ်ကျေးမှုအမွေအနှစ်နှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမရှိစေရေး စိစစ်ခွင့်ပြုရန်။

(ဎ) ပုဂံဒေသအတွင်း ထပ်မံတိုးချဲ့ခြင်း၊ ကျူးကျော်ခြင်းများမရှိရေး ကြပ်မတ်ဆောင်ရွက်ရန်နှင့်မြို့ပြ ရော၊ ကျေးလက်ပါ ရှေးဟောင်းအဆောက်အအုံ၊ နေရာ၊ မြင်ကွင်းမထိခိုက်စေရန် နယ်နိမိတ် သတ်မှတ်ပေးရန်၊

(ဏ) ပုဂံဒေသအတွင်းရှိ ဌာနဆိုင်ရာအားလုံးအား စုစည်း၍ ဌာနဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ စည်းကမ်းများနှင့် ညီညွတ်စေလျက် စီမံခန့်ခွဲဆောင်ရွက်ရန်။

သူရဦးအောင်ကို၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန။

**[ယခင်အပတ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမိန့်ကြော်ငြာစာအမှတ်၊ ၃၀/၂၀၁၅ မှအဆက် ]**

၄၄။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းရုံးသည် နည်းဥပဒေ ၄၃ အရ ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းက ရပ်ရွာအခြေပြု လုပ်ငန်းအတွက်ဖြစ်စေ၊ အိမ်အခြေပြုလုပ်ငန်းအတွက်ဖြစ်စေ ခွင့်ပြုချက် သက်တမ်း တိုးမြှင့်ပေးရန် လျှောက်ထားချက်ကို စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေး အဖွဲ့သို့ ဆက်လက်တင်ပြရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့သည် နည်းဥပဒေ ၄၃ အရ ခွင့်ပြုချက် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်အပေါ် နည်းဥပဒေခွဲ (က) အရ တင်ပြချက်တို့ကို စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်ကို ခွင့်ပြုပါက ရပ်ရွာအခြေပြုလုပ်ငန်း အတွက် ခွင့်ပြုချက်ကို ပုံစံ (ထ) တွင်လည်းကောင်း၊ အိမ်အခြေပြုလုပ်ငန်းအတွက် ခွင့်ပြုချက်ကို ပုံစံ (ဒ) တွင်လည်းကောင်း သက်တမ်းတိုးမြှင့်ပေးပြီး ထိုသို့သက်တမ်းတိုးမြှင့်ပေးသည့် ခွင့်ပြုချက်ကို လျှောက်ထားသူအား စည်းကမ်းချက်များ သတ်မှတ်၍ ထုတ်ပေးရမည်။

၄၅။ ပြည်ပမှ ရပ်ရွာအခြေပြုလုပ်ငန်းအတွက်ဖြစ်စေ၊ အိမ်အခြေပြုလုပ်ငန်းအတွက်ဖြစ်စေ ခွင့်ပြုချက် သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်လုပ်ကိုင်လိုပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့နှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့မှတစ်ဆင့် ဗဟိုကြီးကြပ်ရေးအဖွဲ့က ခွင့်ပြုချက် သက်တမ်းတိုးမြှင့်ပေးနိုင်ရေးအတွက် လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ရန် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းရုံးသို့ လျှောက်လွှာပုံစံ (ဘ) ဖြင့် လျှောက်ထားရမည်။ ထိုလျှောက်လွှာတွင် ၃၀၀ ကျပ်တန် ရုံးခွန်တံဆိပ်ခေါင်း ထမ်းဆောင်ရမည်။

၄၆။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းရုံးသည် နည်းဥပဒေ ၄၅ အရ ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းက ရပ်ရွာအခြေပြုလုပ်ငန်းအတွက်ဖြစ်စေ၊ အိမ်အခြေပြုလုပ်ငန်းအတွက်ဖြစ်စေ ခွင့်ပြုချက် သက်တမ်းတိုးမြှင့် ပေးရန် လျှောက်ထားချက်ကို စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေး အဖွဲ့သို့ ဆက်လက်တင်ပြရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့သည် နည်းဥပဒေခွဲ (က)အရ တင်ပြချက်ကို စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် လူမှုဝန်ထမ်းဦးစီးဌာနသို့ ဆက်လက်တင်ပြရမည်။

(ဂ) လူမှုဝန်ထမ်းဦးစီးဌာနသည် နည်းဥပဒေခွဲ (က) နှင့် (ခ) တို့အရ တင်ပြချက်တို့ကို စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ ဆက်လက်တင်ပြရမည်။

(ဃ) ဗဟိုကြီးကြပ်ရေးအဖွဲ့သည် နည်းဥပဒေ ၄၅ အရ ခွင့်ပြုချက် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်အပေါ် နည်းဥပဒေခွဲ (က)၊ (ခ) နှင့် (ဂ) တို့အရ တင်ပြချက်တို့ကို စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ သက်တမ်း တိုးမြှင့်ပေးရန် လျှောက်ထားချက်ကို ခွင့်ပြုပါက ရပ်ရွာအခြေပြုလုပ်ငန်းအတွက် ခွင့်ပြုချက်ကို ပုံစံ (ပ) တွင်လည်းကောင်း၊ အိမ်အခြေပြုလုပ်ငန်းအတွက် ခွင့်ပြုချက်ကို ပုံစံ (ဖ) တွင်လည်းကောင်း စည်းကမ်းချက်များ သတ်မှတ်၍ သက်တမ်းတိုးမြှင့် ပေးပြီး ထိုသို့သက်တမ်းတိုးမြှင့်ပေးသည့် ခွင့်ပြုချက်ကို လျှောက်ထားသူအား ထုတ်ပေးရမည်။

## အခန်း (၇)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၄၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့သည် နေ့ကလေးထိန်းဌာနကိုဖြစ်စေ၊ မူလတန်းကြိုကျောင်းကိုဖြစ်စေ တည်ထောင်ခွင့်ပြုမိန့်ရရှိထားသည့် ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းကသော်လည်းကောင်း၊ ရပ်ရွာအခြေပြုလုပ်ငန်းကိုဖြစ်စေ၊ အိမ်အခြေပြု လုပ်ငန်းကိုဖြစ်စေ တည်ထောင်ရန် ခွင့်ပြုချက်ရရှိထားသည့် ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းကသော်လည်းကောင်း ဥပဒေပုဒ်မ ၁၇၊ ၁၈၊ ၂၈ နှင့် နည်းဥပဒေ ၁၁၊ ၂၃ နှင့် ၄၂ တို့ပါ သက်ဆိုင်ရာ သတ်မှတ်ချက် တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက် ကြောင်း သို့မဟုတ် သတ်မှတ်ထားသော လုပ်ငန်းဆိုင်ရာ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း တွေ့ရှိရလျှင် အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) နေ့ကလေးထိန်းဌာနအတွက် သတိပေးပြီး အောက်ပါအတိုင်း သတ်မှတ်ထားသော ဒဏ်ကြေးကို ပေးဆောင်စေခြင်း -

(၁) ကလေးသူငယ် ၅ ဦးမှ ၁၉ ဦးအထိ နေ့ကလေးထိန်းဌာနအတွက် ဒဏ်ကြေး အနည်းဆုံး ကျပ် ၅ သောင်းမှ အများဆုံး ကျပ် ၃ သိန်း၊

(၂) ကလေးသူငယ် ၂၀ ဦးမှ ၄၉ ဦးအထိ နေ့ကလေးထိန်းဌာနအတွက် ဒဏ်ကြေး အနည်းဆုံး ကျပ် ၁ သိန်းမှ အများဆုံး ကျပ် ၅ သိန်း၊

(၃) ကလေးသူငယ် ၅၀ ဦးမှ ၉၉ ဦးအထိ နေ့ကလေးထိန်းဌာနအတွက် ဒဏ်ကြေး အနည်းဆုံး ကျပ် ၂ သိန်းမှ အများဆုံး ကျပ် ၈ သိန်း၊

(၄) ကလေးသူငယ် ၁၀၀ ဦးနှင့်အထက် နေ့ကလေးထိန်းဌာနအတွက် ဒဏ်ကြေး အနည်းဆုံး ကျပ် ၃ သိန်းမှ အများဆုံး ကျပ် ၁၀ သိန်း၊

(ခ) မူလတန်းကြိုကျောင်းအတွက် သတိပေးပြီး အောက်ပါအတိုင်း သတ်မှတ်ထားသော ဒဏ်ကြေးကို ပေးဆောင်စေခြင်း -

(၁) ကလေးသူငယ် ၅ ဦးမှ ၁၉ ဦးအထိ မူလတန်းကြိုကျောင်းအတွက် ဒဏ်ကြေး အနည်းဆုံး ကျပ် ၁ သိန်းမှ အများဆုံး ကျပ် ၅ သိန်း၊

(၂) ကလေးသူငယ် ၂၀ ဦးမှ ၄၉ ဦးအထိ မူလတန်းကြိုကျောင်းအတွက် ဒဏ်ကြေး အနည်းဆုံး ကျပ် ၂ သိန်းမှ အများဆုံး ကျပ် ၈ သိန်း၊

(၃) ကလေးသူငယ် ၅၀ ဦး မှ ၉၉ ဦးအထိ မူလတန်းကြိုကျောင်းအတွက် ဒဏ်ကြေး အနည်းဆုံး ကျပ် ၃ သိန်းမှ အများဆုံး ကျပ် ၁၂ သိန်း၊

(၄) ကလေးသူငယ် ၁၀၀ ဦးနှင့်အထက် မူလတန်းကြိုကျောင်းအတွက် ဒဏ်ကြေး အနည်းဆုံး ကျပ် ၅ သိန်းမှ အများဆုံး ကျပ် ၁၅ သိန်း၊

(ဂ) ရပ်ရွာအခြေပြုလုပ်ငန်းအတွက်ဖြစ်စေ၊ အိမ်အခြေပြုလုပ်ငန်းအတွက်ဖြစ်စေ သတိပေးပြီး အောက်ပါအတိုင်း သတ်မှတ်ထားသောဒဏ်ကြေးကို ပေးဆောင်စေခြင်း -

(၁) ကလေးသူငယ် ၅ ဦးမှ ၁၉ ဦးအထိ ရပ်ရွာအခြေပြုလုပ်ငန်း သို့မဟုတ် အိမ်အခြေပြု လုပ်ငန်းအတွက်ဒဏ်ကြေးအနည်းဆုံးကျပ် ၃ သောင်းမှ အများဆုံး ကျပ် ၁ သိန်း၊

(၂) ကလေးသူငယ် ၂၀ ဦးမှ ၄၉ ဦးအထိ ရပ်ရွာအခြေပြုလုပ်ငန်း သို့မဟုတ် အိမ်အခြေပြု လုပ်ငန်းအတွက် ဒဏ်ကြေးအနည်းဆုံးကျပ် ၅ သောင်းမှ အများဆုံး ကျပ် ၂ သိန်း၊

(၃) ကလေးသူငယ် ၅၀ ဦးမှ ၉၉ ဦးအထိ ရပ်ရွာအခြေပြုလုပ်ငန်း သို့မဟုတ် အိမ်အခြေပြုလုပ်ငန်းအတွက် ဒဏ်ကြေးအနည်းဆုံး ကျပ် ၁ သိန်းမှ အများဆုံး ကျပ် ၃ သိန်း၊

(၄) ကလေးသူငယ် ၁၀၀ ဦးနှင့်အထက် ရပ်ရွာအခြေပြုလုပ်ငန်း သို့မဟုတ် အိမ်အခြေပြုလုပ်ငန်းအတွက် ဒဏ်ကြေးအနည်းဆုံးကျပ် ၃ သိန်းမှ အများဆုံး ကျပ် ၅ သိန်း၊

(ဃ) တည်ထောင်ခွင့်ပြုမိန့် သို့မဟုတ် ခွင့်ပြုချက်ကို ကာလကန့်သတ်၍ ရပ်ဆိုင်းခြင်း၊

(င) တည်ထောင်ခွင့်ပြုမိန့် သို့မဟုတ် ခွင့်ပြုချက်ကို ပယ်ဖျက်ခြင်း။

၄၈။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် နေ့ကလေးထိန်းဌာနကိုဖြစ်စေ၊ မူလတန်းကြိုကျောင်းကိုဖြစ်စေ တည်ထောင်ခွင့်ပြုမိန့် ရရှိထားသည့် ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းကသော်လည်းကောင်း ရပ်ရွာအခြေပြုလုပ်ငန်းကိုဖြစ်စေ၊ အိမ်အခြေပြုလုပ်ငန်းကိုဖြစ်စေ တည်ထောင်ရန် ခွင့်ပြုချက်ရရှိထားသည့် ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းကသော်လည်းကောင်း ဥပဒေပုဒ်မ ၁၇၊ ၁၈၊ ၂၈ နှင့် နည်းဥပဒေ ၁၁၊ ၂၃ နှင့် ၄၂ တို့ပါ သက်ဆိုင်ရာ သတ်မှတ်ချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် သတ်မှတ်ထားသော လုပ်ငန်းဆိုင်ရာ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း တွေ့ရှိရလျှင် အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) နေ့ကလေးထိန်းဌာနအတွက် သတိပေးပြီး အောက်ပါအတိုင်း သတ်မှတ်ထားသော ဒဏ်ကြေးကို ပေးဆောင်စေခြင်း -

(၁) ကလေးသူငယ် ၅ ဦးမှ ၁၉ ဦးအထိ နေ့ကလေးထိန်းဌာနအတွက် ဒဏ်ကြေး အနည်းဆုံး ကျပ် ၅ သောင်းမှ အများဆုံး ကျပ် ၃ သိန်း၊

(၂) ကလေးသူငယ် ၂၀ ဦးမှ ၄၉ ဦးအထိ နေ့ကလေးထိန်းဌာနအတွက် ဒဏ်ကြေး အနည်းဆုံး ကျပ် ၁ သိန်းမှ အများဆုံး ကျပ် ၅ သိန်း၊

(၃) ရှေးဦးအရွယ်ကလေးသူငယ် ၅၀ ဦး မှ ၉၉ ဦးအထိ နေ့ကလေးထိန်းဌာန အတွက် ဒဏ်ကြေး အနည်းဆုံး ကျပ် ၂ သိန်းမှ အများဆုံး ကျပ် ၈ သိန်း၊

(၄) ကလေးသူငယ် ၁၀၀ ဦးနှင့်အထက် နေ့ကလေးထိန်းဌာနအတွက် ဒဏ်ကြေး အနည်းဆုံး ကျပ် ၃ သိန်းမှ အများဆုံး ကျပ် ၁၀ သိန်း၊

(ခ) မူလတန်းကြိုကျောင်းအတွက် သတိပေးပြီး အောက်ပါအတိုင်း သတ်မှတ်ထားသော ဒဏ်ကြေးကို ပေးဆောင်စေခြင်း -

(၁) ကလေးသူငယ် ၅ ဦးမှ ၁၉ ဦးအထိ မူလတန်းကြိုကျောင်းအတွက် ဒဏ်ကြေး အနည်းဆုံး ကျပ် ၁ သိန်းမှ အများဆုံး ကျပ် ၅ သိန်း၊

(၂) ကလေးသူငယ် ၂၀ ဦးမှ ၄၉ ဦးအထိ မူလတန်းကြိုကျောင်းအတွက် ဒဏ်ကြေး အနည်းဆုံး ကျပ် ၂ သိန်းမှ အများဆုံး ကျပ် ၈ သိန်း၊

(၃) ကလေးသူငယ် ၅၀ ဦး မှ ၉၉ ဦးအထိ မူလတန်းကြိုကျောင်းအတွက် ဒဏ်ကြေး အနည်းဆုံး ကျပ် ၃ သိန်းမှ အများဆုံး ကျပ် ၁၂ သိန်း၊

(၄) ကလေးသူငယ် ၁၀၀ ဦးနှင့်အထက် မူလတန်းကြိုကျောင်းအတွက် ဒဏ်ကြေး အနည်းဆုံး ကျပ် ၅ သိန်းမှ အများဆုံး ကျပ် ၁၅ သိန်း၊

(ဂ) ရပ်ရွာအခြေပြုလုပ်ငန်းအတွက်ဖြစ်စေ၊ အိမ်အခြေပြုလုပ်ငန်းအတွက်ဖြစ်စေ သတိပေးပြီး အောက်ပါအတိုင်း သတ်မှတ်ထားသော ဒဏ်ကြေးကို ပေးဆောင်စေခြင်း -

(၁) ကလေးသူငယ် ၅ ဦးမှ ၁၉ ဦးအထိ ရပ်ရွာအခြေပြုလုပ်ငန်း သို့မဟုတ် အိမ်အခြေပြု လုပ်ငန်းအတွက် ဒဏ်ကြေး အနည်းဆုံး ကျပ် ၅ သောင်းမှ အများဆုံး ကျပ် ၂ သိန်း၊

(၂) ကလေးသူငယ် ၂၀ ဦးမှ ၄၉ ဦးအထိ ရပ်ရွာအခြေပြုလုပ်ငန်း သို့မဟုတ် အိမ်အခြေပြု လုပ်ငန်းအတွက် ဒဏ်ကြေးအနည်းဆုံး ကျပ် ၁ သိန်းမှ အများဆုံး ကျပ် ၃ သိန်း၊

(၃) ကလေးသူငယ် ၅၀ ဦးမှ ၉၉ ဦးအထိ ရပ်ရွာအခြေပြုလုပ်ငန်း သို့မဟုတ် အိမ်အခြေပြု လုပ်ငန်းအတွက် ဒဏ်ကြေး အနည်းဆုံး ကျပ် ၂ သိန်းမှ အများဆုံး ကျပ် ၇ သိန်း၊

(၄) ကလေးသူငယ် ၁၀၀ ဦးနှင့်အထက် ရပ်ရွာအခြေပြုလုပ်ငန်း သို့မဟုတ် အိမ်အခြေပြု လုပ်ငန်းအတွက် ဒဏ်ကြေး အနည်းဆုံး ကျပ် ၃ သိန်းမှ အများဆုံး ကျပ် ၁၀ သိန်း၊

(ဃ) တည်ထောင်ခွင့်ပြုမိန့် သို့မဟုတ် ခွင့်ပြုချက်ကို ကာလကန့်သတ်၍ ရပ်ဆိုင်းခြင်း၊

(င) တည်ထောင်ခွင့်ပြုမိန့် သို့မဟုတ် ခွင့်ပြုချက်ကို ပယ်ဖျက်ခြင်း။

## အခန်း (၈)
## အယူခံခြင်း

၄၉။ (က) ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းက ဆောင်ရွက်သည့် နေ့ကလေးထိန်းဌာန၊ မူလတန်းကြိုကျောင်းများ၊ ရပ်ရွာအခြေပြုလုပ်ငန်း၊ အိမ်အခြေပြု လုပ်ငန်းများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့က ဥပဒေပုဒ်မ ၂၉ သို့မဟုတ် နည်းဥပဒေ ၄၇ အရ ချမှတ်သည့် အမိန့်ကို မကျေနပ်သူသည် ယင်းအမိန့်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း လူမှုဝန်ထမ်းဦးစီးဌာနမှတစ်ဆင့် အယူခံလွှာဖြင့် ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ အယူခံနိုင်သည်။ ထိုအယူခံလွှာကို ဗဟိုကြီးကြပ်ရေး အဖွဲ့၏ အဖွဲ့ဝင်ဦးရေအတိုင်း မိတ္တူပူးတွဲ၍ တင်ပြရမည်။

(ခ) ဗဟိုကြီးကြပ်ရေးအဖွဲ့သည် နည်းဥပဒေခွဲ (က) အရ တင်ပြသည့် အယူခံလွှာကို စိစစ်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့က ချမှတ်သော အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ဂ) နည်းဥပဒေခွဲ (ခ) အရ အယူခံမှုတွင် ဗဟိုကြီးကြပ်ရေးအဖွဲ့က ချမှတ်သည့် အမိန့်ကို မကျေနပ်သူသည် ယင်းအမိန့်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာန၊ ရုံးအဖွဲ့မှတစ်ဆင့် ဝန်ကြီးထံ အယူခံနိုင်သည်။

(ဃ) နည်းဥပဒေခွဲ (က) နှင့် (ဂ) တို့အရ အယူခံလွှာတွင် ၃၀၀ ကျပ်တန် ရုံးခွန်တံဆိပ်ခေါင်း ထမ်းဆောင်ရမည်။

[ ဆက်လက်ဖော်ပြပါမည်]

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက် ( ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### အမျိုးသားလွှတ်တော်ရုံး

### အမိန့်ကြော်ငြာစာအမှတ် (၆၇/၂၀၁၆)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်
( ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၇ ရက် )

အမျိုးသားလွှတ်တော်ရုံးသို့ လွှဲပြောင်းအမှုထမ်းဆောင်စေလိုက်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမတက္ကသိုလ် (သန်လျင်) မှ ကထိက ဒေါ်ဖြူဖြူလင်းအား ဦးစီးရုံး၏ လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) ရာထူးနေရာသို့ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့မှစ၍ ခန့်ထားတာဝန်ပေးအပ်လိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် (၆၈/၂၀၁၆)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်
( ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက် )

အမျိုးသားလွှတ်တော်ရုံးတွင် အစမ်းခန့်ထားခဲ့သော အောက်ဖော်ပြပါ အရာထမ်း (၁၉) ဦးအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည် -

| စဉ် | အမည် | ရာထူး |
|---|---|---|
| ၁။ | ဒေါ်သန်းသန်းအေး | လက်ထောက်ညွှန်ကြားရေးမှူး |
| ၂။ | ဦးဝေလင်းစိုး | လက်ထောက်ညွှန်ကြားရေးမှူး |
| ၃။ | ဒေါ်သန်းသန်းဌေး | လက်ထောက်ညွှန်ကြားရေးမှူး |
| ၄။ | ဒေါ်ခင်စမ်းမော် | လက်ထောက်ညွှန်ကြားရေးမှူး |
| ၅။ | ဒေါ်မေသူဟန် | လက်ထောက်ညွှန်ကြားရေးမှူး |
| ၆။ | ဦးသက်ထွေးအောင် | လက်ထောက်ညွှန်ကြားရေးမှူး |
| ၇။ | ဒေါ်သန်းသန်းမြင့် | လက်ထောက်ညွှန်ကြားရေးမှူး |
| ၈။ | ဦးကျော်ဇေယျ | လက်ထောက်ညွှန်ကြားရေးမှူး |
| ၉။ | ဒေါ်ရီရီလှိုင် | လက်ထောက်ညွှန်ကြားရေးမှူး |

| စဉ် | အမည် | ရာထူး |
|---|---|---|
| ၁၀။ | ဦးဇော်နိုင်ငြိမ်း | လက်ထောက်ညွှန်ကြားရေးမှူး |
| ၁၁။ | ဒေါ်ဆွေဆွေမြင့် | လက်ထောက်ညွှန်ကြားရေးမှူး |
| ၁၂။ | ဒေါ်တင်တင်မိုး | လက်ထောက်ညွှန်ကြားရေးမှူး |
| ၁၃။ | ဒေါ်တင်တင်ဝင်း | လက်ထောက်ညွှန်ကြားရေးမှူး |
| ၁၄။ | ဒေါ်မော်မော်ဇင် | လက်ထောက်ညွှန်ကြားရေးမှူး |
| ၁၅။ | ဦးမိုးမင်းသိန်း | လက်ထောက်ညွှန်ကြားရေးမှူး |
| ၁၆။ | ဦးလှမင်း | လက်ထောက်ညွှန်ကြားရေးမှူး |
| ၁၇။ | ဒေါ်ဥမ္မာသောင်း | လက်ထောက်ညွှန်ကြားရေးမှူး |
| ၁၈။ | ဦးရွှေထွန်း | လက်ထောက်ညွှန်ကြားရေးမှူး |
| ၁၉။ | ဦးတင်ဝင်းအောင် | လက်ထောက်ညွှန်ကြားရေးမှူး |

(ပုံ) ကြည်မင်း၊
ညွှန်ကြားရေးမှူးချုပ်၊
အမျိုးသားလွှတ်တော်ရုံး။

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## အမိန့်ကြော်ငြာစာ (၈၄/၂၀၁၆)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်
( ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက် )

မွန်ပြည်နယ်၊ သထုံခရိုင်၊ ကျိုက်ထိုမြို့နယ်၊ လှည်းလမ်းကူးကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည် (၁၂၄က/ရွှေတချောင်းတောင်ကွင်း)၊ ဦးပိုင်အမှတ် (၁၉က) မှ မြေဧရိယာ (၁. ၅၀) ဧကနှင့် ဦးပိုင်အမှတ် (N/၁၂၂) မှ မြေဧရိယာ (၂. ၆၅) ဧက၊ **စုစုပေါင်းမြေဧရိယာ (၄. ၁၅) ဧက** အား **ဓမ္မဒူတတောရ သာသနာ့ရိပ်သာ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန် နည်းဥပဒေ - ၃၂ နှင့်အညီ အခွန်လွတ်သာသနာမြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၈၅/၂၀၁၆)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၄ ရက်
( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက် )

မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်၊ ဇင်းကျိုက်မြို့၊ ဇင်းကျိုက်ရပ်ကွက်၊ ကွင်းအမှတ်/ အမည် (၇၈၄/ဇင်းကျိုက်ကွင်း)၊ ဦးပိုင်အမှတ် (-)၊ **မြေဧရိယာ(၀. ၂၅)ဧက** အား **မရမ်းဘုန်းတော်ကြီးကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံမြို့နှင့် ကျေးရွာမြေများ နည်းဥပဒေ - ၅၀ နှင့်အညီ အခွန်လွတ်သာသနာမြေဂရန် ထုတ်ပေးခွင့်ပြုသည်။

တင်မြင့်၊
ညွှန်ကြားရေးမှူးချုပ်၊
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက် ( ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

### ပြည်ထောင်စုရာထူးဝန်အဖွဲ့
### လျှောက်လွှာခေါ်ယူခြင်း
### ကြော်ငြာစာအမှတ် ၃/၂၀၁၆

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်
( ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက် )

၁။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးများအတွက် လျှောက်လွှာများ တင်သွင်းနိုင်ပါသည် -

| ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|
| ဌာနစုမှူး-၂/တတိယအတွင်းဝန် | ၅၀ နေရာ | တက္ကသိုလ်တစ်ခုခုမှဘွဲ့ |

၂။ လျှောက်ထားသူသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၂၃. ၁၁. ၂၀၁၆ ရက်နေ့တွင် ပြင်ပပုဂ္ဂိုလ် အသက် ၂၅ နှစ် (မဟာဘွဲ့ရရှိပြီးသူများနှင့် အခြားဝန်ကြီးဌာနမှ ဝန်ထမ်းဖြစ်ပါက အသက် ၃၀ နှစ်) ထက် မကျော်လွန်သူဖြစ်ရမည်။

(ဂ) နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းဖြစ်ပါက [ရိုးရိုးဘွဲ့ရရှိပြီးသူ အသက် ၃၅ နှစ်၊ မဟာဘွဲ့ (သို့မဟုတ်) ပါရဂူဘွဲ့ရရှိပြီးသူ အသက် ၄၀ နှစ်] ထက် မကျော်လွန်သူ ဖြစ်ရမည်။

(ဃ) ကျန်းမာရေးကောင်းမွန်ပြီး နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာထားသူသည် နိုင်ငံခြားဘာသာတစ်ခုခုကို ကျွမ်းကျင်စွာတတ်မြောက်သူဖြစ်ပါက ထိုသို့ ကျွမ်းကျင်မှုအတွက် ရရှိသောဘွဲ့ (သို့) ဒီပလိုမာလက်မှတ်မိတ္တူကို လျှောက်လွှာတွင် ပူးတွဲတင်ပြရမည်။

၄။ **နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဌာနစုမှူး (၂) / တတိယအတွင်းဝန်ရာထူးအတွက် လျှောက်ထားသူများ သည် ရေးဖြေစာမေးပွဲကို အဆင့် (က) မေးခွန်း အင်္ဂလိပ်ဘာသာ (၃) နာရီဖြင့် ဖြေဆိုရမည်ဖြစ်ပါ၍ အခြားဝန်ကြီးဌာနများက ကြော်ငြာခေါ်ယူသည့်ရာထူးများနှင့် ပူးတွဲလျှောက်ထားခွင့်မရှိပါ။**

၅။ လျှောက်လွှာကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ် (၁၇) နေပြည်တော် သို့မဟုတ်) တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ ဝယ်ယူနိုင်ပြီး ၂၃-၁၁-၂၀၁၆ ရက်နေ့အရောက် လူကိုယ်တိုင် (သို့မဟုတ်) စာတိုက်မှတစ်ဆင့် **ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ် (၁၇)၊ နေပြည်တော်သို့** ပေးပို့ လျှောက်ထားရမည်။

၆။ လျှောက်လွှာတွင်ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့်စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅၀၀/- ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ၊ နှုတ်ဖြေစစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဤအဖွဲ့၏ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၅ ရက်စွဲပါ စာအမှတ်၂၄၅/ရွေးချယ်ရေး (အဓိက) ၂၀၁၆ ဖြင့် ထုတ်ပြန်ထားသော **ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူသောရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများလိုက်နာရန် လမ်းညွှန်ချက်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ဖြစ်သည်။

၇။ **လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသောလျှောက်လွှာများနှင့် အချက်အလက်များ ပြည့်စုံစွာ ဖြည့်စွက်ဖော်ပြထားခြင်းမရှိသော လျှောက်လွှာများကို ရေးဖြေ ဖြေဆိုခွင့်ပြုမည်မဟုတ်ပါ။**

၈။ **ဝန်ထမ်းများသည်** မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် ဌာနအကြီးအကဲမှ တစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ နေပြည်တော်သို့ ပေးပို့ရမည်။ ကြိုတင်လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံအပိုတစ်ပုံနှင့်အတူ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ရုံးအမှတ် (၁၇)၊ နေပြည်တော်သို့ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့အရောက် ပေးပို့ရမည်။

၉။ ရေးဖြေစာမေးပွဲကို **နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မကွေးနှင့် မော်လမြိုင်မြို့တို့တွင် စာစစ်ဌာန (၅) ခုဖြင့် ကျင်းပမည်ဖြစ်သည့်အတွက် လျှောက်ထားရာတွင် မိမိတို့အမှန်တကယ် ရေးဖြေစာမေးပွဲဖြေဆိုမည့် စာစစ်ဌာနကို တိတိကျကျဖော်ပြ လျှောက်ထားရမည်ဖြစ်ပြီး အဆိုပါစာစစ်ဌာန၌သာ ရေးဖြေစာမေးပွဲကို ဖြေဆိုခွင့်ပြုမည်ဖြစ်ပါသည်။**

၁၀။ ၇-၁-၂၀၁၆ ရက် (စနေနေ့) တွင် မြန်မာဘာသာကိုဖြေဆိုချိန် (၂) နာရီ (၀၉း၀၀ နာရီမှ ၁၁း၀၀ နာရီအထိ) နှင့် အင်္ဂလိပ်ဘာသာကို ဖြေဆိုချိန် (၃) နာရီ (၁၂း၀၀ နာရီမှ ၁၅း၀၀ နာရီအထိ) ဖြင့်လည်းကောင်း၊ ဖြေဆိုရမည်။

၁၁။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၅-၁-၂၀၁၇ ရက်နေ့မှစ၍ နေပြည်တော်နှင့် စာစစ်ဌာနတည်ရှိရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများတွင် ထုတ်ပေးမည်။

၁၂။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ် (၁၇) နေပြည်တော် (တယ်လီဖုန်းအမှတ်၊ ၀၆၇-၄၀၉၀၅၂ နှင့် ၀၆၇-၄၀၉၄၃၀) သို့ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရုံးများသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၁၃။ ဤကြော်ငြာနှင့် လျှောက်လွှာတင်သွင်းသူများလိုက်နာရန် လမ်းညွှန်ချက်စာစောင်ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website များဖြစ်သော ucsb.imis.com.mm နှင့် www.ucsb.gov.mm တွင်လည်း ဖော်ပြထားပါသည်။

အမိန့်အရ

ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုရာထူးဝန်အဖွဲ့။

## ရွှေနေပြည်တော်ထွန်း ကျောက်မျက်ရတနာ ကုမ္ပဏီလီမိတက်

## (Shwe Nay Pyi Taw Tun Gem & Jewellery Company Limited)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၆ (၁) အရ
ကုမ္ပဏီကိုအစုရှယ်ယာရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန်ကြော်ငြာခြင်း

၁။ **ရွှေနေပြည်တော်ထွန်း ကျောက်မျက်ရတနာ ကုမ္ပဏီလီမိတက်** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၉-၁၁-၂၀၁၆) ရက်နေ့က ကုမ္ပဏီတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေ အစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ညွန့်မေ **(B.Com, C.P.A)**၊ အမှတ် (၁၉၆/ခ)၊ စပယ်ခြံ (၄) လမ်း၊ (၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန်ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၉-၁၂-၂၀၁၆) ရက်နေ့ထက်နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဒေါ်ဝေဝေလွင်
မန်နေးဂျင်းဒါရိုက်တာ
ရွှေနေပြည်တော်ထွန်းကျောက်မျက်ရတနာကုမ္ပဏီလီမိတက်
ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

ဒေါ်ညွန့်မေ
**(B.Com, C.P.A)**
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း ၀၁-၅၀၇၁၁၇

## စိမ်းလန်းရတနာမြေ ကျောက်မျက် ကုမ္ပဏီလီမိတက်

## (Sane Land &adanar Myay Gem Company Limited)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၆ (၁) အရ
ကုမ္ပဏီကိုအစုရှယ်ယာရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန်ကြော်ငြာခြင်း

၁။ **စိမ်းလန်းရတနာမြေ ကျောက်မျက်ကုမ္ပဏီလီမိတက်** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၁၀-၁၁-၂၀၁၆) ရက်နေ့က ကုမ္ပဏီတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေ အစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ညွန့်မေ **(B.Com, C.P.A)**၊ အမှတ် (၁၉၆/ခ)၊ စပယ်ခြံ (၄) လမ်း၊ (၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန်ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၁၀-၁၂-၂၀၁၆) ရက်နေ့ထက်နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဒေါ်သီတာဝင်း
မန်နေးဂျင်းဒါရိုက်တာ
စိမ်းလန်းရတနာမြေကျောက်မျက်ကုမ္ပဏီလီမိတက်
ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

ဒေါ်ညွန့်မေ
**(B.Com, C.P.A)**
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း ၀၁-၅၀၇၁၁၇

## ကျောက်စိမ်းလဲ့ဖြာ ကျောက်မျက် ကုမ္ပဏီလီမိတက်

## (Kyauk Seinn Latt Phyar Gem Company Limited)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၆ (၁) အရ
ကုမ္ပဏီကိုအစုရှယ်ယာရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန်ကြော်ငြာခြင်း

၁။ **ကျောက်စိမ်းလဲ့ဖြာ ကျောက်မျက် ကုမ္ပဏီလီမိတက်** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၁၁-၁၁-၂၀၁၆) ရက်နေ့က ကုမ္ပဏီတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေ အစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ညွန့်မေ **(B.Com, C.P.A)**၊ အမှတ် (၁၉၆/ခ)၊ စပယ်ခြံ (၄) လမ်း၊ (၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန်ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၁၁-၁၂-၂၀၁၆) ရက်နေ့ထက်နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးကျော်ဖေ
မန်နေးဂျင်းဒါရိုက်တာ
ကျောက်စိမ်းလဲ့ဖြာကျောက်မျက်ကုမ္ပဏီလီမိတက်
ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

ဒေါ်ညွန့်မေ
**(B.Com, C.P.A)**
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း ၀၁-၅၀၇၁၁၇

## ပန်းဥယျာဉ် ရှုခင်း ဝန်ဆောင်မှု ကုမ္ပဏီလီမိတက်

## (PARKVIEW SERVICE CO., LTD.) အား

(အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)
နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**"ပန်းဥယျာဉ် ရှုခင်း ဝန်ဆောင်မှု လီမိတက် ကုမ္ပဏီလီမိတက် (PARKVIEW SERVICE CO., LTD.)** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ (၁၉) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအချိန်တွင် ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ် - ၁၇၆ (ပထမထပ်)တွင် ကျင်းပပြုလုပ်မည်ဖြစ်၍ အဖွဲ့ဝင်များအားလုံးတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးအီးနုစ် (တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)

**တောက်ပတိုးပွားသော အထည်ထုတ်လုပ်မှု ကုမ္ပဏီလီမိတက်**
**(SHINNIN GACCESS GARMENT MANUFACTURING COMPANY LIMITED.)** အား

(အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)
နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**တောက်ပတိုးပွားသော အထည်ထုတ်လုပ်မှု ကုမ္ပဏီလီမိတက် (SHINNIN GACCESS GARMENT MANUFACTURING COMPANY LIMITED.)** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ (၁၉) ရက်နေ့၊ နေ့လယ် (၁၂း၀၀) နာရီအချိန်တွင် ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ် - ၁၇၆ (ပထမထပ်)တွင် ကျင်းပပြုလုပ်မည်ဖြစ်၍ အဖွဲ့ဝင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)

**ဘုန်းရောင်ခြည်စက်မှုနည်းပညာထုတ်လုပ်မှုကုမ္ပဏီလီမိတက်ကို**
**အစုရှင်များ၏ ဆန္ဒအလျောက် ဖျက်သိမ်းခြင်း**

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ (၁၀) ရက်နေ့တွင် ကျင်းပပြုလုပ်သော အစုရှင်များ၏အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ ဘုန်းရောင်ခြည်စက်မှုနည်းပညာထုတ်လုပ်မှုကုမ္ပဏီလီမိတက် **REFLEX TECHNOLOGIES INDUSTRY COMPANY LIMITED** အား ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ (၁၀) ရက် နေ့မှစ၍ အစုရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးသိန်းထီအား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ (၁၈) ရက်နေ့ထက် နောက်မကျ စေဘဲ အောက်ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့်ပေးသွင်းခြင်းများ ကို ပြုလုပ်နိုင်ကြောင်းကြေငြာအပ်ပါသည်။

ဦးသိန်းထီ
**[B.Com. (A.A) C.P.A**
အမှတ် (၁၇) က မြေညီထပ်၊ ၂၃ လမ်း
လသာမြို့နယ်၊ ရန်ကုန်မြို့
တယ်လီဖုန်း ၀၁-၃၈၄၁၅၄

## ရိုက်ဇင်း ခရီးသွားလုပ်ငန်း ကုမ္ပဏီလီမိတက်

## (RISING TRAVES & TOURS COMPANY LIMITED)

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ (၉) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ရိုက်ဇင် ခရီးသွားလုပ်ငန်း လီမိတက်** (RISING TRAVELS & TOURS COMPANY LIMITED) အား (၉-၁၁-၂၀၁၆) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်အေးသီတာ **[B.Com (Q), C.P.A]** အား စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ (၁၉) ရက်နေ့ကိုနောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်အေးသက်မွန်
မန်နေးဂျင်းဒါရိုက်တာ
ရိုက်ဇင်း ခရီးသွားလုပ်ငန်းကုမ္ပဏီလီမိတက်

ဒေါ်အေးသီတာ
[B.Com (Q), C.P.A]
NGWE INZALY AUDIT FIRM
အမှတ်-၁၄၁/၁၄၅၊ အခန်း-၅၊
တတိယထပ်၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## တယ်လ်မိ ကမြူနီးကေးရှန် ကုမ္ပဏီလီမိတက်

## (TEL ME COMMUNICATIONS COMPANY LIMITED)

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ (၉) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ရိုက်ဇင် ခရီးသွားလုပ်ငန်း လီမိတက်** (TEL ME COMMUNICATIONS COMPANY LIMITED) အား (၉-၁၁-၂၀၁၆) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်အေးသီတာ **[B.Com (Q), C.P.A]** အား စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ (၁၉) ရက်နေ့ကိုနောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးထွန်းထွန်းနိုင်
မန်နေးဂျင်းဒါရိုက်တာ
တယ်လ်မီကမြူနီးကေးရှန်ကုမ္ပဏီလီမိတက်

ဒေါ်အေးသီတာ
[B.Com (Q), C.P.A]
NGWE INZALY AUDIT FIRM
အမှတ်-၁၄၁/၁၄၅၊ အခန်း-၅၊
တတိယထပ်၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## Auto Net Travels Company Limited.

## အလိုအလျောက်ကွန်ယက် ခရီးသွားလုပ်ငန်း ကုမ္ပဏီလီမိတက်

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ-၂၀၆ (၁) အရ ကြော်ငြာစာ

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ (၁၁) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ သာမန်မဟုတ်သော အစည်းအဝေးဆုံးဖြတ်ချက် (Extraordinary Resolution) အရ **အလိုအလျောက်ကွန်ယက်ခရီးသွားလုပ်ငန်း ကုမ္ပဏီလီမိတက်** Auto Net Travels Company Limited. ကို (၁၁-၁၁-၂၀၁၆) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်မြင့်မြင့်အေး အထက်တန်းရှေ့နေအား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ (၁၇) ရက်နေ့ကိုနောက်ဆုံးထား၍ (၁) လအတွင်း ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်တောင်းခံခြင်းများနှင့်ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်မြင့်မြင့်အေး
(LL.B)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## Christiani & Nielsen (Thai) Public Co, Ltd. (Yangon Branch)

(Voluntary Winding - Up)

Invitation to Final Meeting

A Final meeting of Chirisiani & Nilsen (Thai) Public Co., Ltd (Yangon Branch) that is in the liquidation process pursuant to section 208 (e) of Myanmar Companies Act, is held as the followning schedule, therefore; the officer-in-charge is cordially invited to sttend the meeting:

Date: 20-12-2016

Time: 10:00 A.M

Venue: No. 204, MGW Tower, Bo Aung Kyaw Road, Botahtaung Township, Yangon, Myanmar.

Thida Cho Win
Liquidator
Christiani & Nielsen (Thai) Public Co., Ltd .
(Yangon Branch)